ကြေးမုံ
The Mirror
၁၃၇၃ ခုနှစ်၊ နတ်တော်လဆန်း ၈ ရက်၊ စနေနေ့၊ (3-12-2011) (ဖြဖ၆၂)

**စစ်မှန်သော မျိုးချစ်စိတ်ဓာတ်**

☆ ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။

☆ ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည်။



နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာမီခေးလ် ဗွီ မီယာစညီကိုဗစ်ချ် ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့တို့ နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဆွေးနွေးပွဲခန်းမ၌ တွေ့ဆုံဆွေးနွေးကြစဉ်။ (သတင်းစဉ်)

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်

## ဘယ်လာရုစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံ

## နှစ်နိုင်ငံအကျိုးတူ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာဆွေးနွေး

နေပြည်တော် ဒီဇင်ဘာ ၂

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် နေပြည်တော်၌ရောက်ရှိနေသော ဘယ်လာရုစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာမီခေးလ် ဗွီ မီယာစညီကိုဗစ်ချ် ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့နှင့် ယနေ့နံနက် ၉ နာရီ ၄၅ မိနစ်တွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဆွေးနွေးပွဲခန်းမ၌ တွေ့ဆုံဆွေးနွေးသည်။**

**တက်ရောက်**

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်၊ သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း၊ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေး၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမျိုးမြင့်၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းသန်း၊

**စာမျက်နှာ ၄ ကော်လံ ၁ သို့** ❍

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံးက အမိန့်ကြော်ငြာစာနှင့် အမိန့်များထုတ်ပြန်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံးက ထုတ်ပြန်ကြေညာသော အမိန့်ကြော်ငြာစာ အမှတ်၊ ၉၅/၂၀၁၁၊ အမိန့်အမှတ်၊ ၅၀/၂၀၁၁၊ အမိန့်အမှတ်၊ ၅၁/၂၀၁၁ နှင့် အမိန့်အမှတ်၊ ၅၂/၂၀၁၁ တို့ကို စာမျက်နှာ ၃ တွင် ဖော်ပြထားပါသည်။

## ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့်ဆိုင်ရာ ဥပဒေပြဋ္ဌာန်း

ပြည်ထောင်စုလွှတ်တော်က ဒီဇင်ဘာ ၂ ရက်တွင် ပြဋ္ဌာန်းလိုက်သည့် *"ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့်ဆိုင်ရာ ဥပဒေ"* အပြည့်အစုံကို စာမျက်နှာ ၈၊ ၉ တွင် ဖော်ပြထားပါသည်။

ကြေးမုံစာတည်းရှုထောင့်

၃-၁၂-၂၀၁၁[စနေနေ့]။

## ညီညွတ်မျှတသည့် ပတ်ဝန်းကျင်ကို ထာဝစဉ်ပိုင်ဆိုင်ဖို့

သင်၏ပတ်ဝန်းကျင်သည် အေးမြနေပါသလား။ ပူပြင်းနေပါသလား။ . . . ပြန်လည်ဆန်းစစ်ကြည့်ပါ။ ပူပြင်းခြင်း၊ အေးမြခြင်းတို့သည် သင်တို့နှင့်ဆိုင်ပါသလား။ သင်တို့နှင့် မဆိုင်ပါသလား။ . . . ပြန်လည်ဆန်းစစ်ကြည့်ပါ။ ပူခြင်း၊အေးခြင်း အကြောင်းရင်းများသည် သဘာဝပတ်ဝန်းကျင်ပြောင်းလဲသောကြောင့်သာလျှင် ဖြစ်သည်။ မိမိတို့နှင့် မသက်ဆိုင်ပါဟုဆိုလျှင် သင်၏အဖြေသည် မှားမည်ဖြစ်ပါသည်။

သဘာဝပတ်ဝန်းကျင်သည် မူလကတည်းက သူ့သဘာဝအတိုင်းမျှတစွာ တည်ရှိနေပြီး လူသားတို့အတွက် အခမဲ့ဝန်ဆောင်မှုပေးနေသော ယန္တရားကြီးပင်ဖြစ်ပါသည်။ ထိုယန္တရားကြီး၏ လုပ်ဆောင်ချက်များ ပျက်စီးယိုယွင်းအောင် ယန္တရားကြီးက လုပ်ဆောင်ခဲ့ခြင်းမဟုတ်ဘဲ လူတို့ကြောင့်သာ ယိုယွင်းပျက်စီးသွားခဲ့ခြင်း ဖြစ်ပါသည်။

မူလက လူသားနှင့် ပတ်ဝန်းကျင်တို့ ညီညွတ်မျှတစွာ တည်ရှိနေရာမှ တဖြည်းဖြည်း ဖောက်လွဲဖောက်ပြန်ဖြစ်၍ သဘာဝဘေးအန္တရာယ်မျိုးစုံကြုံတွေ့နေရခြင်းဖြစ်စဉ်တို့ကို လေ့လာသုံးသပ်ကြည့်မည်ဆိုလျှင် လူသားတို့သည်ကား အတိုင်းအဆမရှိ၊ အကန့်အသတ်မရှိ မိမိတို့၏ လိုအင်ဆန္ဒရှိသမျှ ပတ်ဝန်းကျင်ကို အသုံးချ၍သာ သဘာဝပတ်ဝန်းကျင် ယိုယွင်းပျက်စီး၍ ဖောက်လွဲဖောက်ပြန်ဖြစ်မှုများနှင့် ကြုံတွေ့ခဲ့ရခြင်းဖြစ်သည်ဟု ခြုံငုံသုံးသပ်ပြောကြားနိုင်ပါသည်။ ထို့ကြောင့် ပတ်ဝန်းကျင်တွင် အပြစ်မရှိ၊ လူသားတို့သည်သာ လက်သည်ဖြစ်ပါသည်။

ဖန်လုံအိမ်အာနိသင်သည် သဘာဝပတ်ဝန်းကျင်ကို ဟန်ချက်မပျက်ခုတ်မောင်းပေးနေသော မော်တော်ယာဉ်တစ်စီး၏ အင်ဂျင်ကဲ့သို့ဖြစ်ပါသည်။ ထိုဖန်လုံအိမ်အင်ဂျင်သည် လူတို့ကို သက်သောင့်သက်သာဖြင့် လိုရာခရီးကို ပို့ဆောင်ပေးခဲ့ပါသည်။ လိုက်ပါစီးနင်းသော လူတို့သည် စီးရုံသက်သက်သာ စီးနင်းခဲ့ပြီး အဆိုပါအင်ဂျင်နှင့် ဆက်စပ်အစိတ်အပိုင်းများ မပျက်စီးအောင် ထိန်းသိမ်းခဲ့ခြင်းမရှိပါ။ ဆီ၊ ရေ၊ လေ၊ ဝိုင် တည်းဟူသော မြေထု၊ ရေထု၊ လေထု၊ သစ်တောထုတို့ကို လျစ်လျူရှုခဲ့ပါသည်။

ဖန်လုံအိမ်အင်ဂျင်မှ ကာဗွန်ဓာတ်ငွေ့ထုတ်လွှတ်ခြင်းမှာ တစ်စတစ်စများလာခဲ့ပါသည်။ ပတ်ဝန်းကျင်ယိုယွင်းပျက်စီးလာပါသည်။ သို့သော် လူသားတို့သည် စီးမြဲစီးနေဆဲသာဖြစ်သည်။ ထိန်းသိမ်းသူမှာ အနည်းစုဖြစ်ပြီး စီးနင်းသူမှာ အများစုဖြစ်ပါသည်။ သဘာဝပတ်ဝန်းကျင် မော်တော်ယာဉ်ကြီးကို ဝိုင်းဝန်းထိန်းသိမ်းဖို့ လိုအပ်လာပါသည်။ လူတို့စီးနင်းလိုက်ပါသုံးစွဲခြင်းမှ ထွက်ရှိလာသော ဖန်လုံအိမ်အင်ဂျင်သည် မော်တော်ယာဉ်တစ်စီးနှင့်တူသော ကမ္ဘာကြီး၏ဝန်းကျင် ဟန်ချက်ပျက်စေရန် အဓိကအကြောင်းအချက်ဖြစ်ပါသည်။

ထို့ကြောင့် လူသားတို့၏ ထိန်းသိမ်းမှုကင်းမဲ့သော အလွန်အမင်းပြုမူဆောင်ရွက်ချက်များကြောင့် သဘာဝပတ်ဝန်းကျင် ပိုမိုမြန်ဆန်စွာ ယိုယွင်းပျက်စီးလျက်ရှိသည်ကို ပညာရှင်မဏ္ဍန်နစ်များက မကြာခဏတင်ပြခဲ့ကြသော်လည်း လူသားတို့၏လိုအင်ကို မလျှော့နိုင်ခြင်းကြောင့် ဆက်လက်ယိုယွင်းနေဆဲဖြစ်ပါသည်။ နိုင်ငံတကာတွင် ကာဗွန်လျှော့ချရေး ဆောင်ရွက်နေကြပါသည်။ အစားထိုးစွမ်းအင်ရရှိရေး လုပ်ဆောင်နေကြပါသည်။ စွမ်းအင်ကို သုံးစွဲနေကြသော လူသားအားလုံးတို့သည် လွန်ခဲ့သည့် ရာစုနှစ်များစွာက လူနှင့်သဘာဝပတ်ဝန်းကျင် မျှတမှုအခြေအနေကို ပြန်လည်လေ့လာဖို့လိုပါသည်။

သို့ဖြစ်၍ လက်ငင်းလိုအင်များကို လျှော့ချကာ လူသားနှင့် ပတ်ဝန်းကျင် ညီညွတ်မျှတသည့် သာယာလှပသောဝန်းကျင်ကို ထာဝစဉ်ပိုင်ဆိုင်နိုင်စေရန် လူသားအားလုံး ပါဝင်ဆောင်ရွက်ကြဖို့ တာဝန်ရှိပါသည်။ ယနေ့လူသားတိုင်းသည် ဖန်လုံအိမ်အင်ဂျင်ကို ထိပါးစေမည့် နေထိုင်မှုပုံစံ၊ ရပ်တည်မှုဘဝလိုအင်ဆန္ဒများကို မလွဲမသွေ လျှော့ချပြောင်းလဲကျင့်သုံးရန် လိုအပ်လျက်ရှိပါကြောင်း တင်ပြလိုက်ရပါသည်။ ။

## ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်အား ဘယ်လာရုစ်သမ္မတနိုင်ငံ မင့်စ်မြို့ အမှုဆောင်ကော်မတီဥက္ကဋ္ဌနှင့် မင့်စ်မြို့ကုန်သွယ်မှုဇရိယာ အကြီးအကဲတို့ လာရောက်တွေ့ဆုံ

**နေပြည်တော်　　ဒီဇင်ဘာ　　၂**

သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန် ဦးသိန်းညွန့်အား ဘယ်လာရုစ်သမ္မတနိုင်ငံ မင့်စ်မြို့ အမှုဆောင်ကော်မတီဥက္ကဋ္ဌ Mr. Nikolai LADUTSKO နှင့် မင့်စ်မြို့ကုန်သွယ်မှုဇရိယာ အကြီးအကဲ Mr. Aleksandr AKHREMCHIK တို့သည် ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော် မြို့တော်ခန်းမရှိ မြို့တော်ဝန်၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံမြို့တော်များအကြား ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စများကို ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ နေပြည်တော်ကောင်စီဝင် ဦးကံချွန်၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးဝင်းငွေးနှင့် ကော်မတီဝင်များ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။**(အောက်ပုံ)**

(သတင်းစဉ်)



## မြန်မာနိုင်ငံအကျဉ်းထောင်အသီးသီး၌ ပြစ်ဒဏ်ကျခံလျက်ရှိသော ထိုင်းနိုင်ငံသားအကျဉ်းသား (၈)ဦးအား ပြစ်ဒဏ်မှလျှော့ပေါ့ပြီး လွတ်ငြိမ်းသက်သာခွင့်ပေးကာ ပြည်နှင်ဒဏ်ပေး

**နေပြည်တော်　　ဒီဇင်ဘာ　　၂**

၂၀၁၁ ခုနှစ် ဒီဇင်ဘာ ၅ ရက်တွင် ထိုင်းနိုင်ငံ ဘုရင်မင်းမြတ်၏ (၈၄)နှစ်မြောက် ရက်မြတ်မွေးနေ့မင်္ဂလာ ကျရောက်မည်ဖြစ်သောကြောင့် လည်းကောင်း၊ နှစ်နိုင်ငံချစ်ကြည်ရေးနှင့် မိတ်ဝတ်မပျက်ဆက်ဆံရေးကို ရှေးရှုသောအားဖြင့် လည်းကောင်း၊ လူမှုရေးအရ ငဲ့ညှာသောအားဖြင့် လည်းကောင်း မြန်မာနိုင်ငံ အကျဉ်းထောင်အသီးသီး၌ ပြစ်ဒဏ်ကျခံလျက်ရှိသော ထိုင်းနိုင်ငံသားအကျဉ်းသား (၈)ဦးအား ဒီဇင်ဘာ ၁ ရက်တွင် ပြစ်ဒဏ်မှလျှော့ပေါ့ပြီး လွတ်ငြိမ်းသက်သာခွင့်ပြု၍ ပြည်နှင်ဒဏ်ပေးလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## အများပြည်သူသိရှိရန် အသိပေးနှိုးဆော်ချက်

ဓာတ်အားစနစ်အတွင်းရှိ ဓာတ်အားပေးစက်များအနက် တပ်ဆင်အင်အားအကြီးဆုံးဖြစ်သော ရဲရွာစက်ရုံမှ ဓာတ်အားပေးစက်များအား ရပ်တန့်၍ ဓာတ်အားစတင်ပို့လွှတ်မှုစမ်းသပ်ခြင်းလုပ်ငန်း ဆောင်ရွက်မည်ဖြစ်သည့်အတွက် ၄-၁၂-၂၀၁၁ ရက်(တနင်္ဂနွေနေ့)မွန်းလွဲ ၁ နာရီမှ ညနေ ၄ နာရီအတွင်း အောက်ဖော်ပြပါ ပင်မဓာတ်အားခွဲရုံများမှ ဓာတ်အားပို့လွှတ်ဖြန့်ဖြူးထားသော နေရာဒေသများတွင် ခေတ္တဓာတ်အားပြတ်တောက်မည်ဖြစ်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်-

၁။ ရွှေမြို့ပင်မဓာတ်အားခွဲရုံ(နေပြည်တော်)
၂။ သာစည်ပင်မဓာတ်အားခွဲရုံ(မန္တလေးတိုင်းဒေသကြီး)
၃။ အင်းကုန်းပင်မဓာတ်အားခွဲရုံ(မန္တလေးတိုင်းဒေသကြီး)
၄။ တံခွန်တိုင်ပင်မဓာတ်အားခွဲရုံ(မန္တလေးတိုင်းဒေသကြီး)
၅။ အောင်ပင်လယ်ပင်မဓာတ်အားခွဲရုံ(မန္တလေးတိုင်းဒေသကြီး)
၆။ မြင်းခြံပင်မဓာတ်အားခွဲရုံ(မန္တလေးတိုင်းဒေသကြီး)

**အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**

## ရုပ်နားခွန် စနစ်တကျကောက်ခံ

**လားရှိုး　　ဒီဇင်ဘာ　　၂**

လားရှိုးမြို့ မြို့မဈေး၌ ဆိုင်ကယ်ရပ်နားခွန်ကောက်ခံရာတွင် တူညီဝတ်စုံများ ဝတ်ဆင်၍ အသိအမှတ်ပြုကတ်ပြားချိတ်ဆွဲကာ စနစ်တကျ လက်ခံဆောင်ရွက်ခြင်းများ ပြုလုပ်လျက်ရှိသဖြင့် ဆိုင်ကယ်မောင်းသူများ ဆိုင်ကယ်ရပ်နားရာတွင် အဆင်ပြေလျက်ရှိကြောင်း သိရသည်။

(ကြေးမုံ)

## မြဝတီရုပ်မြင်သံကြား အစီအစဉ်

၃-၁၂-၂၀၁၁ (စနေနေ့)

**နံနက်ပိုင်း**

၇း၀၄ ၁။ နိုင်ငံတော်သီချင်း
၇း၀၅ ၂။ တရားတော်
၇း၂၀ ၃။ ဓမ္မပူဇာတေး
၇း၂၅ ၄။ မျိုးချစ်တပ်မတော်
၇း၃၀ ၅။ မြန်မာ့ရှုခင်း
၇း၄၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇း၅၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၈း၁၅ ၁၁။ ဇာတ်လမ်းတို
၈း၂၅ ၁၂။ အမျိုးသားရေးတေးကဗျာ

**နေ့လယ်ပိုင်း**

၁၁း၁၀ ၁။ နိုင်ငံတော်သီချင်း
၁၁း၁၅ ၂။ အဖွင့်သီချင်း
၁၁း၂၀ ၃။ မျိုးချစ်တပ်မတော်
၁၁း၂၅ ၄။ ကာတွန်းအစီအစဉ် -ကြောင်ကလေးအော်ဂီနှင့် ပိုးဟပ်ရှုပ်ကလေးများ (အပိုင်း-၉)
၁၂း၀၀ ၅။ **မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် -ဂုဏ်ရှိန်ပြင်းတဲ့ ချစ်ခြင်းသိက္ခာ (အကယ်ဒမီရန်အောင်၊ အကယ်ဒမီ ထွန်းအိန္ဒြာဗိုနှင့် သရုပ်ဆောင်များ) (ဒါရိုက်တာ-ဒေါန)**
၂း၀၀ ၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ဖြူစင်သောနှလုံးသား (အပိုင်း-၃၈)**

**ညပိုင်း**

၄း၀၃ ၁။ နိုင်ငံတော်သီချင်း
၄း၀၆ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ မျိုးချစ်တပ်မတော်
၄း၁၅ ၄။ ကျွန်းမာကြံ့ခိုင်တို့နိုင်ငံ
၄း၂၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၄း၃၀ ၆။ ချစ်သူစုံတွဲတူယှဉ်နွဲ့
၄း၅၀ ၇။ ကုန်သွယ်သုတ
၅း၀၀ ၈။ သာယာသီကြွေးခေတ်ဆန်းတေး
၅း၃၀ ၉။ ပျော်ရွှင်စရာ သရုပ်ဆောင်ကမ္ဘာ
၆း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ
၆း၂၀ ၁၂။ စားဖိုဆောင်ချစ်သူ
၆း၄၀ ၁၃။ ထူးခြားဆန်းပြားကမ္ဘာတစ်လွှား
၇း၀၀ ၁၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -လမင်းနေမင်း ကြယ်တစ်စင်း(အပိုင်း-၇၆)**
၈း၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
၁၆။ အမျိုးသားရေးတေးကဗျာ
၁၇။ နိုင်ငံတကာသတင်း
၁၈။ မိုးလေဝသသတင်း
၁၉။ လူရွှင်တော်စတား
၂၀။ အင်္ဂလိပ်စာသုတ
၂၁။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -အမှတ်တရနေ့ရက်လေးများ (အပိုင်း-၁၆)**
၂၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -အိမ်အပြန်လမ်း (အပိုင်း-၁၀၀)**

## အထက(၁) ကျောက်ပန်းတောင်း မြတ်ဆရာပူဇော်မည်

**ကျောက်ပန်းတောင်း ဒီဇင်ဘာ ၂**

ကျောက်ပန်းတောင်း အထက(၁)၏ (၁၇)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ဒီဇင်ဘာ ၂၄ ရက် (စနေနေ့) မွန်းလွဲ ၁ နာရီတွင် ယင်းကျောင်း စကားဝါခန်းမ၌ ကျင်းပမည်ဖြစ်ရာ ဒေါက်တာမြတ်စိုးမိုး (ကျောက်ပန်းတောင်း) ဖုန်း-၀၆၁-၅၀၅၈၃၊ ကိုစန်းလွင်ဦး (ရန်ကုန်)ဖုန်း-၀၉-၅၀၀၁၁၆၃၊ ကိုအောင်မိုး(ရန်ကုန်) ဖုန်း-၀၉-၅၁၇၈၆၉၆၊ ဦးရုံမောင် (ကျောက်ပန်းတောင်း) ဖုန်း-၀၉-၂၂၂၀၄၄၂နှင့် ဦးသန်းဌေး(မန္တလေး) ဖုန်း-၀၉-၆၈၁၉၄၂၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

## အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၂-၁၂-၂၀၁၁

| ငွေကြေးစနစ် | တစ်ဒေါ်လာလျှင်ယူနစ် | တစ်ယူနစ်လျှင်ဒေါ်လာ |
|---|---|---|
| ထိုင်း (ဘတ်) | ၃၀. ၇၉၅၀ | ၀. ၀၃၂၄၇ |
| တရုတ် (ယွမ်) | ၆. ၃၆၄၅၀ | ၀. ၁၅၇၁၂ |
| အိန္ဒိယ (ရူပီး) | ၅၁. ၂၀၆၂ | ၀. ၀၁၉၅၃ |
| မလေးရှား (ရင်းဂစ်) | ၃. ၁၃၀၅၀ | ၀. ၃၁၉၄၄ |
| စင်ကာပူ (ဒေါ်လာ) | ၁. ၂၈၀၇၆ | ၀. ၇၈၀၇၉ |
| ဂျပန် (ယန်း) | ၇၇. ၈၆၉၅ | ၀. ၀၁၂၈၄ |
| တောင်ကိုရီးယား(ဝမ်) | ၁၁၃၁. ၅၀ | ၀. ၀၀၀၈၈ |
| ယူရို | ၀. ၇၃၉၆၀ | ၁. ၃၅၂၀၉ |
| ဗြိတိသျှ (ပေါင်) | ၀. ၆၃၆၅၇ | ၁. ၅၇၀၉၁ |

**အင်တာနက်။**

# ဝန်ကြီးဌာန ပြင်ဆင်ဖွဲ့စည်း

**နေပြည်တော် ဒီဇင်ဘာ ၂**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံးက အမိန့်ကြော်ငြာစာအမှတ်(၉၅/၂၀၁၁)ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်ကြေညာလိုက်သည်။

အဆိုပါ အမိန့်ကြော်ငြာစာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
အမိန့်ကြော်ငြာစာ
အမှတ်၊ ၉၅/၂၀၁၁
**၁၃၇၃ ခုနှစ်၊ နတ်တော်လဆန်း ၇ ရက်**
**(၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလ ၂ ရက်)**

## ဝန်ကြီးဌာန ပြင်ဆင်ဖွဲ့စည်းခြင်း

ပထမအကြိမ်ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး၏ သဘောတူညီချက်အရ အမှတ်(၁) စက်မှုဝန်ကြီးဌာနနှင့် အမှတ်(၂) စက်မှုဝန်ကြီးဌာနတို့ကို စက်မှုဝန်ကြီးဌာနအဖြစ် ပြင်ဆင်ဖွဲ့စည်းလိုက်သည်။

**(ပုံ) သိန်းစိန်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# ပြည်ထောင်စုဝန်ကြီး ပြောင်းလဲတာဝန်ပေး

**နေပြည်တော် ဒီဇင်ဘာ ၂**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံးက အမိန့်အမှတ်(၅၀/၂၀၁၁)ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်ကြေညာလိုက်သည်။

အဆိုပါ အမိန့်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
(အမိန့်အမှတ်၊ ၅၀/၂၀၁၁)
**၁၃၇၃ ခုနှစ်၊ နတ်တော်လဆန်း ၇ ရက်**
**(၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလ ၂ ရက်)**

## ပြည်ထောင်စုဝန်ကြီး ပြောင်းလဲတာဝန်ပေးခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၃၂ နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေ ပုဒ်မ ၁၂ တို့အရ အမှတ်(၁) စက်မှုဝန်ကြီးဌာနနှင့် အမှတ်(၂)စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းအား စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအဖြစ် ယနေ့မှစ၍ ပြောင်းလဲတာဝန်ပေးလိုက်သည်။

**(ပုံ) သိန်းစိန်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# ပြည်ထောင်စုဝန်ကြီးများ ပြောင်းလဲတာဝန်ပေး

**နေပြည်တော် ဒီဇင်ဘာ ၂**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံးက အမိန့်အမှတ် (၅၁/၂၀၁၁)ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်ကြေညာလိုက်သည်။

အဆိုပါ အမိန့်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
(အမိန့်အမှတ်၊ ၅၁/၂၀၁၁)
**၁၃၇၃ ခုနှစ်၊ နတ်တော်လဆန်း ၇ ရက်**
**(၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလ ၂ ရက်)**

## ပြည်ထောင်စုဝန်ကြီးများ ပြောင်းလဲတာဝန်ပေးခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၃၂ နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၂ တို့အရ အောက်ဖော်ပြပါ ပြည်ထောင်စုဝန်ကြီးများအား ၎င်းတို့၏အမည်နှင့် ယှဉ်တွဲဖော်ပြထားသော ဝန်ကြီးဌာနအသီးသီးတွင် ပြောင်းလဲတာဝန်ပေးလိုက်သည်-

| | |
|---|---|
| (၁) ဦးအုန်းမြင့် | သမဝါယမဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန |
| (၂) ဦးတင်နိုင်သိန်း | အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန |

**(ပုံ) သိန်းစိန်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# ဒုတိယဝန်ကြီးများ ပြောင်းလဲတာဝန်ပေး

**နေပြည်တော် ဒီဇင်ဘာ ၂**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံးက အမိန့်အမှတ် (၅၂/၂၀၁၁)ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်ကြေညာလိုက်သည်။

အဆိုပါ အမိန့်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
(အမိန့်အမှတ်၊ ၅၂/၂၀၁၁)
၁၃၇၃ ခုနှစ်၊ နတ်တော်လဆန်း ၇ ရက်
(၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလ ၂ ရက်)

## ဒုတိယဝန်ကြီးများ ပြောင်းလဲတာဝန်ပေးခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၄၊ ပုဒ်မခွဲ (က)၊ (ဃ)နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၆၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ်(၉)တို့အရ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းအောင်နှင့် အမှတ်(၂)စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးအောင်တို့အား စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီးများအဖြစ် ပြောင်းလဲတာဝန်ပေးလိုက်သည်။

**(ပုံ) သိန်းစိန်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၃-၁၂-၂၀၁၁ (စနေနေ့)**

AM & PM

| | |
|---|---|
| ၅း၀၀ | MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+အင်္ဂုလိမာလသုတ်၊ ဗောဇ္ဈင်္ဂသုတ်၊ ပုဗ္ဗဏှသုတ် |
| ၅း၂၀ | MRTV-4 သတင်း |
| ၅း၅၀ | "သတိမေတ္တာ ကောင်းစွာကိုင်စွဲ လူ့အောင်ပွဲ"တရားတော် (ယောဆရာတော် ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ) |
| ၆း၄၀ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "စိတ်၏စေရာ" (အပိုင်း-၄၄)** |
| ၇း၃၀ | MRTV-4 သတင်း |
| ၈း၀၀ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "တွဲလက်မဖြုတ်တမ်း" (အပိုင်း-၃၉)** |
| ၈း၃၅ | ရွှေရတုနွဲ့ပျော်ယခင် YMBA အလက(၄) ယခု အထက(၃) ဗဟန်းမြတ်ဆရာပူဇော်ပွဲ |
| ၈း၅၀ | ပျော်ရွှင်ဆင်နွှဲ သလ္လာဝတီမြို့ရဲ့ စတုဒိသာပွဲ |
| ၉း၀၅ | လင်းသိုက်ညွန့် (မြန်မာ့မြေ)၏ မြန်မာတွေအောင်မြင်ဖို့ အမှတ်(၂) စာအုပ်မိတ်ဆက်ပွဲအခမ်းအနား |
| ၉း၂၀ | မိသားစုများသိသင့်သော လေဖြတ်ခြင်းဆိုင်ရာ ကျန်းမာရေးဗဟုသုတများ |
| ၉း၄၀ | Global Panorama (ကိုကိုလှိုင်၊ မျိုးမြတ်သူ) |
| ၁၀း၁၀ | ရိုးရာမပျက် ဆင်နွှဲလို့ပျော် အထက(၂) ကမာရွတ်၏ ဘုံကထိန်အလှူတော် |
| ၁၀း၃၀ | သွားမယ်စားမယ် (Apple) |
| ၁၁း၁၀ | Core Lens လက်စွပ်ကို ဝတ်ဆင်လေသောအခါ |
| ၁၁း၂၀ | Lumine Perfect Health (ကုသိုလ်ဖြစ် ကျန်းမာရေး ဝန်ဆောင်မှု) |
| ၁၁း၄၀ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "သံစဉ်ချိုအိပ်မက်လေး" (အပိုင်း-၁၈)** |
| ၁၂း၃၀ | ရန်ကုန်မြင်ကွင်းကျယ် |
| ၁၂း၄၀ | ကြည်ညိုဖူးမြော်မြတ်စွယ်တော် |
| ၁း၀၀ | "သတိမေတ္တာ ကောင်းစွာကိုင်စွဲ လူ့အောင်ပွဲ"တရားတော် (ယောဆရာတော် ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ) |
| ၂း၀၀ | MRTV-4 သတင်း |
| ၂း၂၀ | VJ Choice |
| ၃း၀၀ | အမျိုးသားများအားလုံး၏ Style အတွက် Golden Bright Star |
| ၃း၁၀ | Kid's Show |
| ၃း၄၀ | ဝက်ခြံနှင့်အသားအရေ ထိန်းသိမ်းခြင်းဆိုင်ရာ ဆွေးနွေးခန်း (မိဘတွေရဲ့ကဏ္ဍ) |
| ၃း၅၅ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "တွဲလက်မဖြုတ်တမ်း" (အပိုင်း-၃၉)** |
| ၄း၄၀ | ကဏန်းသချ်ာပျော်စရာ |
| ၅း၂၀ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "သံစဉ်ချိုအိပ်မက်လေး" (အပိုင်း-၁၉)** |
| ၆း၀၀ | MRTV-4 သတင်း |
| ၆း၁၅ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "စိတ်၏စေရာ"(အပိုင်း-၄၅)** |
| ၇း၁၀ | R ZAR NI One Man Show (Part-1) |
| ၈း၀၀ | MRTV-4 သတင်း |
| ၈း၃၀ | Fashion Week |
| ၈း၅၀ | Movie Talk |
| ၉း၁၅ | ပန်းချီပြခန်း |
| ၉း၂၅ | Barclays Premier League Man City Vs Norwich City |
| ၁၁း၂၅ | ပရီမီယာလိဂ်ရင်ခုန်သံ |
| ၁၁း၅၅ | Barclays Premier League Aston Villa Vs Man U |
| ၂း၀၀ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "တွဲလက်မဖြုတ်တမ်း" (အပိုင်း-၄၀)** |
| ၂း၄၀ | တစ်ပါးသီလ(၂) |
| ၃း၃၀ | နွေးထွေးသောဝန်ဆောင်မှုများနှင့် ဒေဝ |
| ၃း၄၀ | မြန်မာ့လက်မှုအနုလက်ရာစုံစွာ |
| ၃း၅၀ | သူတို့ပြောတဲ့သူတို့အကြောင်း |
| ၄း၁၅ | အလှဆင်စရာပရိဘောဂကမ္ဘာ |
| ၄း၂၅ | ဘဝဆည်းဆာ အလှူရှင်များ၏ နားခိုရာ |
| ၄း၄၀ | ထင်ရှားဖူးမြော်ပင်းတယရွှေဥမင် သဘာဝလိုဏ်ဂူတော် |
| ၅း၀၀ | အစီအစဉ်ပြီး။ |

**Barclays Premier League ဘောလုံးပွဲစဉ်များ**

| ညပိုင်း | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| ၇း၁၀ | Newcastle - Chelsea | (ESPN) |
| ၉း၂၅ | Man City - Norwich City | (ESPN) |
| ၉း၂၅ | Wigan - Arsenal | (Star Sports) (MRTV-4) |
| ၁၁း၅၅ | Aston Villa - Man U | (ESPN) (MRTV-4) |

* ပွဲစဉ်အပြောင်းအလဲရှိနိုင်ပါသည်။

**MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။**

# ဥတုရာသီ တောက်ပိုမှု၏

# အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စစ် ဟီလာရီ ကလင်တန်နှင့်အဖွဲ့ ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာ

**ရန်ကုန် ဒီဇင်ဘာ ၂**

မြန်မာနိုင်ငံ၌ ရောက်ရှိနေသော အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စစ် ဟီလာရီ ကလင်တန်နှင့်အဖွဲ့သည် ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့မှ အထူးလေယာဉ်ဖြင့် ပြန်လည်ထွက်ခွာသွားရာ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်နှင့် တာဝန်ရှိသူများ၊ အမေရိကန်သံရုံးမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

မစ္စစ် ဟီလာရီ ကလင်တန်သည် ရန်ကုန်မြို့၌ရှိနေစဉ် ဒေါ်အောင်ဆန်းစုကြည်နှင့် လည်းကောင်း၊ နိုင်ငံရေးပါတီအချို့မှ ပုဂ္ဂိုလ်များနှင့်လည်းကောင်း တွေ့ဆုံခဲ့ပြီး ၎င်း၏ ခရီးစဉ်နှင့်ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲတစ်ရပ်ကို ယနေ့မွန်းလွဲ ၂ နာရီခွဲမှ ၂ နာရီ မိနစ် ၅၀ အထိ အမေရိကန်သံရုံး၌ ကျင်းပခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)



**အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စစ် ဟီလာရီ ကလင်တန်နှင့် ဒေါ်အောင်ဆန်းစုကြည်တို့ တွေ့ဆုံကြစဉ်။** (သတင်းစဉ်)

# စိုက်ပျိုးရေးကို အခြေခံသောလုပ်ငန်းများ၊ သားငါးထုတ်လုပ်မှုလုပ်ငန်းများ၌ ရင်းနှီးမြှုပ်နှံလုပ်ကိုင်ရန် ဖိတ်ခေါ် စွမ်းအင်ကဏ္ဍ ရင်းနှီးမြှုပ်နှံထုတ်လုပ်မှုများ ဆောင်ရွက်မည်ဆိုပါက နှစ်နိုင်ငံအတွက် များစွာအကျိုးရှိနိုင်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်**

# စိုက်ပျိုးရေးကဏ္ဍတွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်လျက် နိုင်ငံကြီးများ၏ဈေးကွက်ကို ထိုးဖောက်နိုင်ရန်မျှော်လင့် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းမြှင့်တင်ရေးနှင့် ပညာရေးကဏ္ဍ အမြန်အလျင်ပူးပေါင်းဆောင်ရွက်လို

**ဘယ်လာရုစ်သမ္မတနိုင်ငံဝန်ကြီးချုပ် ဒေါက်တာမီခေးလ် ဗွီ မီယာစညီကိုဗစ်ချ်**

❖ကျောဖုံးမှ
အလွှန်ဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ မိမိတို့နှစ်နိုင်ငံသည် နယ်နိမိတ်အားဖြင့် အလွန်ဝေးကွာလှသော်လည်း ယင်းဝေးကွာမှုသည် နှစ်နိုင်ငံအကြားဆက်ဆံမှုကို တားဆီးနှောင့်ယှက်နိုင်မည်ဟု မခံယူပါကြောင်း၊ ယခုအချိန်မှ စတင်၍ ပညာရေး၊ ကူးသန်းရောင်းဝယ်ရေး စသဖြင့် ကဏ္ဍပေါင်းစုံ၌ ပူးပေါင်းဆောင်ရွက်သွားကြမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံတွင် ပူးပေါင်းဆောင်ရွက်မှုနှင့် ကုန်သွယ်မှုအတွက် ကြီးမားသော Potential ရှိသည်ကို တွေ့မြင်ရပါကြောင်း၊ မိမိတို့နှစ်နိုင်ငံအကြား ကုန်သွယ်မှုများကို ယခုထက် မြောက်မြားစွာ တိုးတက်မြှင့်တင်နိုင်ရန် မျှော်လင့်ပါကြောင်း၊ ယနေ့ အခြေခံကျသော နှစ်နိုင်ငံသဘောတူညီချက်များကို လက်မှတ်ရေးထိုးပြီးသည့်နောက်ဝယ် ယခုထက်ပို၍ အောင်မြင်စွာ ပူးပေါင်းဆောင်ရွက်နိုင်မည် ဖြစ်ပါကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတက မြန်မာနိုင်ငံမှတစ်ဆင့် တရုတ်နိုင်ငံ ယူနန်ပြည်နယ်ကိုဖြတ်၍ အရှေ့အလယ်ပိုင်းမှ ရေနံများကို သယ်ယူရန် ပိုက်လိုင်းများ တည်ဆောက်ခြင်း၊ မီးရထားလမ်းဖောက်လုပ်ခြင်းများ တရုတ်နိုင်ငံမှ ရင်းနှီးမြှုပ်နှံဆောင်ရွက်လျက်ရှိပါကြောင်း၊ ရေနက်ဆိပ်ကမ်းနှင့် အခြားစီးပွားရေးလုပ်ငန်းများ၌လည်း အခြားနိုင်ငံများမှ လာရောက်ရင်းနှီးမြှုပ်နှံလျက်ရှိပါကြောင်း၊ ဥပမာ ထိုင်းနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုဖြင့် ထားဝယ်ရေနက်ဆိပ်ကမ်း အထူးစီးပွားရေးဇုန်ကို တည်ဆောက်လျက်ရှိပြီး ၎င်းရေနက်ဆိပ်ကမ်းကြီး တည်ဆောက်ပြီးစီးပါက မလက္ကာရေလက်ကြားကို ဖြတ်သန်းရန်မလိုတော့သည့်အတွက် များစွာခရီးတိုတောင်းသွားမည် ဖြစ်ပါကြောင်း၊ အလားတူ မြန်မာနိုင်ငံ၏ အနောက်ဘက်ပင်လယ်ကမ်းရိုးတန်း၌ ကျောက်ဖြူရေနက်ဆိပ်ကမ်းစီမံကိန်းကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဆိပ်ကမ်းမြို့တော်ဖြစ်သည့် ရန်ကုန်မြို့တွင်လည်း သီလဝါရေနက်ဆိပ်ကမ်း အထူးစီးပွားရေးဇုန်ကို တည်ဆောက်ရန် စီစဉ်လျက်ရှိပါကြောင်း၊ ပတ်ဝန်းကျင်နိုင်ငံများမှ ရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်ပြီး ပူးပေါင်းဆောင်ရွက်နိုင်ရန် ကြိုးပမ်းလျက်ရှိပါကြောင်း၊ ယခုအခါ ရေနက်ဆိပ်ကမ်းနှင့် အခြားစီးပွားရေးလုပ်ငန်းနယ်ပယ်များ၌ တရုတ်၊ ဂျပန်နှင့် တောင်ကိုရီးယားနိုင်ငံတို့က ရင်းနှီးမြှုပ်နှံရန် စီစဉ်လျက်ရှိပါကြောင်း၊ မိမိတို့နိုင်ငံ၏ ၇၀ ရာခိုင်နှုန်းသော ပြည်သူများမှာ ကျေးလက်နေပြည်သူများဖြစ်ကြပါကြောင်း၊ နိုင်ငံ၏ လက်ရှိဆင်းရဲနွမ်းပါးမှုရာနှုန်းမှာ ၂၆ ရာခိုင်နှုန်းဖြစ်ပြီး ၂၀၁၅ ခုနှစ်တွင် ၁၆ ရာခိုင်နှုန်းအထိ လျှော့ချနိုင်ရန် ကြိုးပမ်းလျက်ရှိပါကြောင်း၊ အဆိုပါ ဆင်းရဲနွမ်းပါးမှုများ လျှော့ချနိုင်ရန်အတွက် အလုပ်အကိုင် အခွင့်အလမ်းများ များစွာလိုအပ်လျက်ရှိပါကြောင်း၊ ထို့ကြောင့် စိုက်ပျိုးရေးကို အခြေခံသောလုပ်ငန်းများ၊ သားငါးထုတ်လုပ်မှုလုပ်ငန်းများ၌ လာရောက်ရင်းနှီးမြှုပ်နှံလုပ်ကိုင်ရန် ဖိတ်ခေါ်ပါကြောင်း၊ ရော်ဘာနှင့် ပတ်သက်သည့် စက်မှုလက်မှုလုပ်ငန်းများ၊ ပဲမျိုးစုံနှင့် ပတ်သက်သည့် စက်ရုံများ၊ သတ္တုလုပ်ငန်းများ၌လည်း လာရောက်ရင်းနှီးမြှုပ်နှံမည်ဆိုပါက များစွာအကျိုးရှိမည်ဖြစ်ပါကြောင်း၊ စွမ်းအင်ကဏ္ဍ ရင်းနှီးမြှုပ်နှံထုတ်လုပ်မှုများ ဆောင်ရွက်မည်ဆိုပါက နှစ်နိုင်ငံအတွက် များစွာအကျိုးရှိနိုင်ပါကြောင်း၊ မိမိတို့အနေဖြင့် အစိုးရဝန်ကြီးဌာနများသာမက ပုဂ္ဂလိကကဏ္ဍ ရင်းနှီးမြှုပ်နှံမှုများကိုလည်း ဖိတ်ခေါ်လိုပါကြောင်း၊ မြို့ပြတည်ဆောက်မှုဆိုင်ရာများနှင့် စပ်လျဉ်း၍လည်း ပူးပေါင်းဆောင်ရွက်နိုင်ပါကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ဘယ်လာရုစ်ဝန်ကြီးချုပ်က သမ္မတကြီး၏ ဆွေးနွေးပြောကြားချက်များအပေါ် သဘောတူလက်ခံပါကြောင်း၊ ကုန်သွယ်မှု Potential ကိုယ်စီရှိကြသည့် ဘယ်လာရုစ်နိုင်ငံနှင့် မြန်မာနိုင်ငံတို့ ပူးပေါင်း၍ ကုန်ပစ္စည်းထုတ်လုပ်မှုများ ဆောင်ရွက်ပြီး အိမ်နီးချင်းနိုင်ငံများသို့ တင်ပို့နိုင်မည်ဟု မျှော်လင့်ပါကြောင်း၊ နှစ်နိုင်ငံကုန်သွယ်မှုများ တိုးမြှင့်နိုင်ရန် ဆွေးနွေးလိုပါကြောင်း၊ မိမိတို့နိုင်ငံတွင် ဘူမိဗေဒပညာရှင်များ များစွာပိုင်ဆိုင်ထားသည့်အတွက် မြန်မာနိုင်ငံ၏ ဘူမိဗေဒဆိုင်ရာ စီမံကိန်းများတွင် ပူးပေါင်းဆောင်ရွက်နိုင်ပါကြောင်း၊ မော်တော်ယာဉ်ထုတ်လုပ်မှုနှင့် စပ်လျဉ်း၍လည်း မြန်မာနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်သွားနိုင်ရန် မျှော်လင့်ပါကြောင်း၊ စိုက်ပျိုးရေးကဏ္ဍတွင် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်လျက် နိုင်ငံကြီးများ၏ဈေးကွက်ကို ထိုးဖောက်နိုင်ရန် မျှော်လင့်ပါကြောင်း၊ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းမြှင့်တင်ရေးနှင့် ပညာရေးကဏ္ဍ အမြန်အလျင်ပူးပေါင်းဆောင်ရွက်မှုများ ဆောင်ရွက်သွားလိုပါကြောင်းဖြင့် ဆွေးနွေးပြောကြားခဲ့သည်။

ထိုသို့ လက်ခံတွေ့ဆုံရာ၌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း၊ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းငွေ၊ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ သံအမတ်ကြီး ဦးမင်းသိန်းနှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြပြီး ဘယ်လာရုစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်နှင့်အတူ အဖွဲ့ဝင်များဖြစ်ကြသည့် စက်မှုဝန်ကြီးဌာန ဝန်ကြီး Mr. Dmitry Katerinich၊ ပညာရေးဝန်ကြီးဌာန ဝန်ကြီး Mr. Sergei Maskevich၊ ဒုတိယဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီးများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ဘယ်လာရုစ်သမ္မတနိုင်ငံ သံအမတ်ကြီး H. E. Dr. Valery Sadokho နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဘယ်လာရုစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာမီခေးလ် ဗွီ မီယာစညီကိုဗစ်ချ်အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။** (သတင်းစဉ်)



**လက်ခံတွေ့ဆုံ**

**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဘယ်လာရုစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာမီခေးလ် ဗွီ မီယာစညီကိုဗစ်ချ် ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။**

(သတင်းစဉ်)



နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့ ဘယ်လာရုစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာမီခေးလ် ဗွီ မီယာစညီကိုဗစ်ချ်နှင့် ဇနီး ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံစဉ်။ (သတင်းစဉ်)

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်း ဘယ်လာရုစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာမီခေးလ် ဗွီ မီယာစညီကိုဗစ်ချ်နှင့် ဇနီး ဦးဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့အား ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံ

နေပြည်တော် ဒီဇင်ဘာ ၂

**နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့သည် ဘယ်လာရုစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာမီခေးလ် ဗွီ မီယာစညီကိုဗစ်ချ်နှင့် ဇနီး ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ယနေ့ညပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။**

အဆိုပါ ဂုဏ်ပြုညစာစားပွဲသို့ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး၊ ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးနှင့် ဇနီး၊ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဇနီး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးသိန်းစိုး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဘယ်လာရုစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမင်းသိန်းနှင့် ဌာနဆိုင်ရာအကြီးအကဲများတက်ရောက်ကြပြီး ဧည့်သည်တော် ဘယ်လာရုစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်နှင့် ဇနီး ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ဘယ်လာရုစ်သမ္မတနိုင်ငံ သံအမတ်ကြီး ဒေါက်တာဗယ်လာရီဆာဒိုခိုနှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

ဂုဏ်ပြုညစာစားပွဲမသုံးဆောင်မီ နိုင်ငံတော်တီးဝိုင်းက နှစ်နိုင်ငံ နိုင်ငံတော်သီချင်းများကို တီးမှုတ်သည်။

ဂုဏ်ပြုညစာစားပွဲ မသုံးဆောင်မီနှင့် ညစာသုံးဆောင်နေစဉ်အတွင်း ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက တေးသံသာများဖြင့်လည်းကောင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှု အကပဒေသာတို့ဖြင့်လည်းကောင်း ဧည့်ခံဖျော်ဖြေကြသည်။

ဂုဏ်ပြုညစာသုံးဆောင်အပြီးတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဧည့်သည်တော် ဘယ်လာရုစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်အား ခရီးစဉ်မှတ်တမ်းအယ်လ်ဘမ်ကို ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်တို့သည် ဖျော်ဖြေကြသော အနုပညာရှင်များအား လက်ဆောင်ပန်းခြင်းများ ပေးအပ်ကြပြီး အနုပညာရှင်များနှင့်အတူ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။ (သတင်းစဉ်)

# ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်အား ဖိလစ်ပိုင်သမ္မတနိုင်ငံမှ ဧည့်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် ဒီဇင်ဘာ ၂

**လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်အား ဖိလစ်ပိုင်သမ္မတနိုင်ငံ S.L Agri-Tech Co-operation ဥက္ကဋ္ဌ Mr. Hennery Lim Bo Iiong ဦးဆောင်သော စိုက်ပျိုးရေးရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ မွန်းလွဲ ၁ နာရီတွင် အဆိုပါ ဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံသည်။**

ထိုသို့ တွေ့ဆုံရာတွင် ယခုနှစ်နွေစပါးစိုက်ပျိုးရာသီ အချိန်မီ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (အရှေ့ပိုင်း) ခေတ်မီစက်မှုလယ်ယာစနစ် စိုက်ကွင်းအတွင်း အရည်အသွေးကောင်း၊ အထူးအထွက်တိုး ပုလဲသွယ်စပ်မျိုးစပါး ဧက ၅၀၀ တစ်ဆက်တစ်စပ်တည်း မျိုးစေ့ထုတ်ခြင်းလုပ်ငန်း ပူးပေါင်းအကောင်အထည်ဖော်ရေး၊ အဆိုပါ ဧက ၅၀၀ ပုလဲသွယ်စပ်မျိုးစပါး မျိုးစေ့ထုတ်ခြင်းလုပ်ငန်းအတွက် မိဘလိုင်းများကို ဖိလစ်ပိုင်နိုင်ငံမှ S.L Agri-Tech Co-operation ကုမ္ပဏီအစီအစဉ်ဖြင့် ဒီဇင်ဘာ ၁၅ ရက် အရောက်ပို့ဆောင်ပေးမည်ဖြစ်ပြီး စိုက်ဧက ၅၀၀၀၀အတွက် လိုအပ်သော F-1 မျိုးစေ့များ အလုံအလောက် ထုတ်လုပ်ပေးသွားရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးအုန်းသန်းနှင့် ဦးခင်ဇော်၊ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ (သတင်းစဉ်)



လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်အား ဖိလစ်ပိုင်သမ္မတနိုင်ငံ S.L Agri-Tech Co - operation ဥက္ကဋ္ဌ Mr. Hennery Lim Bo Iiong ဦးဆောင်သော စိုက်ပျိုးရေးရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

# ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနား ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့၌ ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂**

၂၀၁၁ ခုနှစ် ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ဒီဇင်ဘာ ၁ ရက် နံနက် ၉ နာရီတွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးလဂျွန်ငန်ဆိုင်း တက်ရောက် အမှာစကားပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခြေခံပညာအထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲနှင့် ကာတွန်းပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရ ကျောင်းသား၊ ကျောင်းသူတို့အား လည်းကောင်း၊ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါ်ဘောက်ဂျာက အခြေခံပညာ အလယ်တန်းအဆင့်တွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသူတို့အား လည်းကောင်း၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးမင်းချစ်ဦးက ဆောင်းပါးပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရ သူနာပြုသင်တန်းကျောင်းမှ ကျောင်းသူများအား လည်းကောင်း ဆုများချီးမြှင့်ကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ် ဦးလဂျွန်ငန်ဆိုင်း၊ ဇနီးနှင့် တာဝန်ရှိသူများသည် ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ပြခန်းကို ကြည့်ရှုအားပေးကြသည်။

အလားတူ ၂၀၁၁ ခုနှစ် ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ဒီဇင်ဘာ ၁ ရက် နံနက် ၉ နာရီတွင် တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်က အမှာစကားပြောကြားကာ ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခြေခံပညာအထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရသူများအား ဆုများချီးမြှင့်ပြီး ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ပြည်နယ်ဝန်ကြီးများက အခြေခံပညာအထက်တန်းအဆင့် ပန်းချီပြိုင်ပွဲနှင့် ကာတွန်းပြိုင်ပွဲ၊ အခြေခံပညာ အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲနှင့် ကာတွန်းပြိုင်ပွဲ၊ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲတို့တွင် ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ပြခန်းကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

**တန်ဖိုးရှိလှ လူငယ်ဘဝ မူးယစ်ကင်းစင် ကျန်းမာမှု**




◆**ကျောဖုံးမှ**

အလေးပြုခံစင်မြင့်သို့သွားရောက်ကြပြီး ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြသည်။

ထိုအချိန်တွင် နိုင်ငံတော်တီးဝိုင်းက ဘယ်လာရုစ်သမ္မတနိုင်ငံနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တို့၏ နိုင်ငံတော်သီချင်းများကို ဂုဏ်ပြုတီးမှုတ်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်တို့သည် ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား ဘယ်လာရုစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်က ၎င်းနှင့်အတူလိုက်ပါလာသည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် မိတ်ဆက်ပေးသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ကလည်း ၎င်းနှင့်အတူ ကြိုဆိုနှုတ်ဆက်ကြသည့် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာ့စက်မှု ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်၊ သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း၊ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေး၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်၊ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ သံအမတ်ကြီး ဦးမင်းသိန်းတို့အား ဘယ်လာရုစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်နှင့် ပြန်လည်မိတ်ဆက်ပေးသည်။ (သတင်းစဉ်)

### အလေးပြုခြင်းခံယူ

**နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာမီခေးလ် ဗွီ မီယာစညီကိုဗစ်ချ်တို့ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြစဉ်။** (သတင်းစဉ်)

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းအား ဘယ်လာရုစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာမီခေးလ် ဗွီ မီယာစညီကိုဗစ်ချ် လာရောက်တွေ့ဆုံ

### တွေ့ဆုံ

**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းအား ဘယ်လာရုစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာမီခေးလ် ဗွီ မီယာစညီကိုဗစ်ချ် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံစဉ်။** (သတင်းစဉ်)

**နေပြည်တော် ဒီဇင်ဘာ ၂**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီး အလည်အပတ်ရောက်ရှိနေသော ဘယ်လာရုစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာမီခေးလ် ဗွီ မီယာစညီကိုဗစ်ချ်သည် ယနေ့ မွန်းလွဲ ၂ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်၏ တာဝန်နှစ်ရပ်ဖြစ်သော ဥပဒေပြုရေးနှင့် အုပ်ချုပ်မှုအပြန်အလှန် ထိန်းကျောင်းရေးတာဝန်များဆောင်ရွက်နေမှု၊ ပြည်သူ့အသံ၊ ပြည်သူ့ဆန္ဒ၊ ပြည်သူ့မျှော်လင့်ချက်များကို အလေးထားဆန်းစစ်ဝေဖန်သုံးသပ်ပြီး လွှတ်တော်က တိုင်းကျိုးပြည်ပြုလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းပြောကြားပြီး မြန်မာ-ဘယ်လာရုစ် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ဆောင်ရွက်ရေး၊ အပြန်အလှန် ပူးပေါင်းဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ယင်းသို့ တွေ့ဆုံရာတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ ပြည်သူ့လွှတ်တော်ကော်မတီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ဘယ်လာရုစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမင်းသိန်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဧည့်သည်တော် ဘယ်လာရုစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် ဦးဆောင်သော အဖွဲ့ဝင်များနှင့်အတူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ဘယ်လာရုစ်သံအမတ်ကြီး H. E. Mr. Valery SADOKHO နှင့် သံရုံးအဖွဲ့ဝင်များ တက်ရောက်ကြသည်။ (သတင်းစဉ်)





**ဒီဇင်ဘာ ၂ ရက်က ရန်ကုန်မြို့ရှိ ဂျပန်နိုင်ငံသံအမတ်ကြီးနေအိမ်၌ ကျင်းပသည့် ဂျပန်နိုင်ငံ ဧကရာဇ် ဘုရင်မင်းမြတ်၏မွေးနေ့အခမ်းအနားသို့ တက်ရောက်လာသော ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းနှင့် ဇနီးတို့အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး H. E. Mr. Takashi SAITO ကြိုဆိုနှုတ်ဆက်စဉ်။** (သတင်းစဉ်)

# ကန်ကြီးထောင့်မြို့နယ် ရှမ်းရွာ၌ ကျေးလက်စွမ်းအင် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးဖွင့်ပွဲ ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂**

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင်သည် နိုဝင်ဘာ ၃၀ ရက် ညနေပိုင်းတွင် ပုသိမ်မြို့ အမှတ်(၁၄)ရပ်ကွက်ရှိ ဦးမြသန်း၊ ဒေါ်ဟိုက်ဝေးတို့၏ (၂၅)တန်ကျ မင်္ဂလာအဆင့်မြင့်ဆန်စက်အတွင်း ခေတ်မီစက်ကိရိယာများဖြင့် ဆန်ကြိတ်ခွဲနေမှု၊ ဈေးကွက်သို့ ဖြန့်ဖြူးရန် ဆန်စပါး ထုပ်ပိုးနေမှုနှင့် စပါးအခြောက်ခံစက်ဖြင့် စပါးများ အခြောက်ခံနေမှုတို့ကို ကြည့်ရှုလေ့လာသည်။

ထို့နောက် ကန်ကြီးထောင့်မြို့နယ် ရှမ်းရွာ၌ ကျင်းပသည့် ကျေးလက်စွမ်းအင် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးသည်။

ဧရာဝတီတိုင်းဒေသကြီး အတွင်း ကျေးလက်စွမ်းအင် ရရှိရေးအတွက် ကိုယ့်အားကိုယ်ကိုးစနစ်ဖြင့် ကျေးလက်ဒေသ မီးအလင်းရောင်ရရှိအောင် ဆောင်ရွက်လျက်ရှိရာ ကျေးရွာပေါင်း ၂၉ ရွာရှိနေပြီ ဖြစ်ကြောင်း၊ ယခုရှမ်းရွာသည် ခုနစ်ခုမြောက် ဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ တိုင်းဒေသကြီးအတွင်း ကျေးရွာပေါင်း ၁၁၀၀၀ ခန့်ရှိရာ ကျေးရွာပေါင်း ၃၈၀၀ ခန့် လျှပ်စစ်မီးရရှိအောင် ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ကျန်ရှိနေသည့် ကျေးရွာများကိုလည်း လျှပ်စစ်မီးရရှိအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

အခမ်းအနားတွင် ကန်ကြီးထောင့်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စောမူ၊ တိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာ ဦးစိန်အောင်၊ ကန်ကြီးထောင့်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးမြင့်စိန်နှင့် ကျေးရွာမီးလင်းရေးကော်မတီအတွင်းရေးမှူး ဦးမောင်မောင်စိုးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ကြသည်။ ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ကျေးရွာမီးလင်းရေးမီးခလုတ်ကိုနှိပ်၍ ရှမ်းရွာကျေးရွာအား မီးစတင်ပေးကာ ကျေးရွာအတွင်း လျှပ်စစ်မီးရရှိမှုအခြေအနေများကို လှည့်လည်ကြည့်ရှုအားပေးခဲ့သည်။

ရှမ်းရွာကျေးရွာသည် ပုသိမ်-ငပုတော လမ်းမကြီးဘေး၌တည်ရှိပြီး ယခုကဲ့သို့ ကိုယ့်အားကိုယ်ကိုးစနစ်ဖြင့် လျှပ်စစ်မီးရရှိသည့်အတွက် ကျေးရွာရှိ အိမ်ခြေ ၄၈၂ လုံး၊ အိမ်ထောင်စု ၅၉၅ စု၊ လူဦးရေကျား ၁၀၆၂ ဦး၊ မ ၁၁၉၀ စုစုပေါင်း ၂၂၅၂ ဦးအနေဖြင့် လျှပ်စစ်မီးသုံးစွဲနိုင်ကြတော့မည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# မီးဘေးကြိုတင်ကာကွယ်ရေး သင်္ဃန်းကျွန်း(ဂ)ရပ်ကွက်၌ ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၂**

ရန်ကုန်မြို့ သင်္ဃန်းကျွန်းမြို့နယ် (ဂ)ရပ်ကွက် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး လုပ်ငန်းများကို နိုဝင်ဘာ ၂၇ ရက်က မြို့နယ်မီးသတ်ဦးစီးမှူး ဦးညာဏ်ထွန်း၊ မြို့နယ်အရန်မီးသတ် ဒုတိယတပ်ရင်းမှူး ဦးမောင်ထွန်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးစိုးမြင့်၊ ရပ်ကွက်အရန်မီးသတ်တပ်ခွဲမှူး ဦးတင်လှနှင့် တပ်ဖွဲ့ဝင် ၂၀ တို့က ရပ်ကွက်အတွင်းရှိ အိမ်ခြေ ၁၁၈၉ လုံး၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ လက်ဖက်ရည်ဆိုင်များ မီးသုံးစွဲမှုများကို လိုက်လံစစ်ဆေးခဲ့ကြပြီး မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးတို့အတွက် ပညာပေးဟောပြောခဲ့ကြကြောင်း သိရသည်။ (၄၈၅)

**သစ်တော သစ်ပင် ဒို့ချစ်ခင် အစဉ်စိုက်ပျိုး အလုတိုး**

# ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့်ဆိုင်ရာဥပဒေပြဋ္ဌာန်း

## ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့်ဆိုင်ရာဥပဒေ

(၂၀၁၁ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၁၅။)
၁၃၇၃ ခုနှစ်၊ နတ်တော်လဆန်း ၇ ရက်
(၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလ ၂ ရက်)

### နိဒါန်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၅၄၊ ပုဒ်မခွဲ (ခ)တွင် နိုင်ငံသားတိုင်းသည် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး သို့မဟုတ် ပြည်သူတို့၏ ကိုယ်ကျင့်တရားအကျိုးငှာ ပြဋ္ဌာန်းထားသည့်ဥပဒေများနှင့် မဆန့်ကျင်လျှင် လက်နက်မပါဘဲ ငြိမ်းချမ်းစွာ စုဝေးခွင့်၊ စီတန်းလှည့်လည်ခွင့် အခွင့်အရေးများကို လွတ်လပ်စွာ သုံးစွဲဆောင်ရွက်ခွင့်ရှိသည်ဟု ပြဋ္ဌာန်းထားသည့်အလျောက် နိုင်ငံသားများက ယင်းအခွင့်အရေးများကို ဥပဒေနှင့်အညီ သုံးစွဲဆောင်ရွက်နိုင်ရန်အလို့ငှာ ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အခန်း(၁)

### အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့်ဆိုင်ရာဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **နိုင်ငံသား** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တိုင်းရင်းသားမိဘနှစ်ပါးမှ မွေးဖွားသူနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအတည်ပြုပြဋ္ဌာန်းသည့်နေ့တွင် ဥပဒေအရ နိုင်ငံသားဖြစ်ပြီးသူတို့ကို ဆိုသည်။

(ခ) **ငြိမ်းချမ်းစွာစုဝေးခြင်း** ဆိုသည်မှာ ဤဥပဒေအရ သတ်မှတ်ခွင့်ပြုသည့် အများပြည်သူဆိုင်ရာနေရာတွင် မိမိသဘောထားဆန္ဒကို ဖော်ပြရန်အလို့ငှာ တစ်ဦးထက်ပိုသူများက သတ်မှတ်စည်းကမ်းများနှင့်အညီ လက်နက်မပါဘဲ ငြိမ်းချမ်းစွာရောက်ရှိခြင်း၊ ဟောပြောခြင်းကို ဆိုသည်။

(ဂ) **ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်း** ဆိုသည်မှာ ဤဥပဒေအရ သတ်မှတ်ခွင့်ပြုသည့် အများပြည်သူဆိုင်ရာလမ်းတွင် မိမိသဘောထားဆန္ဒကို ဖော်ပြရန်အလို့ငှာ တစ်ဦးထက်ပိုသူများက သတ်မှတ်သည့် စည်းကမ်းများနှင့်အညီ လက်နက်မပါဘဲ ငြိမ်းချမ်းစွာ စနစ်တကျလှည့်လည်ခြင်းကို ဆိုသည်။

(ဃ) **ခွင့်ပြုမိန့်** ဆိုသည်မှာ ငြိမ်းချမ်းစွာစုဝေးခြင်း သို့မဟုတ် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းပြုရန် ဤဥပဒေအရ ထုတ်ပေးသော ခွင့်ပြုမိန့်ကို ဆိုသည်။

(င) **ပိုစတာ** ဆိုသည်မှာ လူတစ်ဦးတစ်ယောက်၏ အသရေကို နစ်နာမှုမဖြစ်စေသော မိမိဆန္ဒသဘောထားနှင့် လိုလားချက်တို့ကို စာဖြင့်ရေးသား၍ဖြစ်စေ၊ ဆိုင်းဘုတ်၊ ရုပ်ပုံ၊ ဓာတ်ပုံ၊ ပန်းချီ၊ ကာတွန်း သို့မဟုတ် ရုပ်တုဖြင့်ဖြစ်စေ၊ ရုပ်မြင်သံကြားထုတ်လွှင့်သည့်နည်းလမ်းဖြင့်ဖြစ်စေ၊ အခြားတစ်နည်းနည်းဖြင့်ဖြစ်စေ ဖော်ပြပြီး လက်တွင်ကိုင်ဆောင်နိုင်ရန်၊ မြေတွင် စိုက်ထူနိုင်ရန်၊ အရာဝတ္ထုတစ်ခုခုတွင် ကပ်ထားနိုင်ရန် သို့မဟုတ် တစ်နည်းနည်းဖြင့် ဖော်ပြနိုင်ရန် စီမံပြုလုပ်ထားသည့်အရာကို ဆိုသည်။

(စ) **ဆိုင်းဘုတ်** ဆိုသည်မှာ ပါတီ သို့မဟုတ် အသင်း သို့မဟုတ် အဖွဲ့အစည်းတစ်ခုခု၏ အမည်၊ အထိမ်းအမှတ်တံဆိပ်တို့ကို ရေးသားဖော်ပြချက်များအပါအဝင် လူတစ်ဦးတစ်ယောက်၏ အသရေကို နစ်နာမှုမဖြစ်စေသော မိမိဆန္ဒသဘောထားနှင့် လိုလားချက်တို့ကို စာဖြင့်ရေးသား၍ လက်တွင်ကိုင်ဆောင်နိုင်ရန်၊ မြေတွင်စိုက်ထူနိုင်ရန်၊ တစ်နေရာရာ၌ ချိတ်ဆွဲနိုင်ရန် သို့မဟုတ် တစ်နည်းနည်းဖြင့် ဖော်ပြနိုင်ရန် စီမံပြုလုပ်ထားသောအရာကို ဆိုသည်။

(ဆ) **လက်နက်** ဆိုရာတွင် လက်နက်အက်ဥပဒေများနှင့် ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများအက်ဥပဒေတွင် အဓိပ္ပာယ်ဖွင့်ဆိုထားသည့် လက်နက်ကိရိယာတန်ဆာပလာများအပြင် သူတစ်ဦးတစ်ယောက်အား ဘေးအန္တရာယ် တစ်စုံတစ်ရာဖြစ်စေနိုင်သော ပစ္စည်းလည်းပါဝင်သည်။

(ဇ) **အလံ** ဆိုရာတွင် နိုင်ငံတော်အလံ၊ တရားဝင်ပါတီနှင့် တရားဝင်အသင်းအဖွဲ့အလံတို့ ပါဝင်သည်။

### အခန်း(၂)

### ရည်ရွယ်ချက်

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်မှာ အောက်ပါအတိုင်းဖြစ်သည်-

(က) နိုင်ငံသားတိုင်းသည် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် ပြည်သူတို့၏ ကိုယ်ကျင့်တရားအကျိုးတို့ကို ထိန်းသိမ်းစောင့်ရှောက်ရန်၊

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏ မူလအခွင့်အရေးဖြစ်သည့် ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းတို့ကို စနစ်တကျ သုံးစွဲဆောင်ရွက်ခွင့်ရရှိစေရန်နှင့် ယင်းတို့အား ဥပဒေအရ အကာအကွယ်ပေးရန်၊

(ဂ) ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်း အခွင့်အရေးတို့ကို သုံးစွဲဆောင်ရွက်သူများကြောင့် အများပြည်သူအား အနှောင့်အယှက်ဖြစ်စေခြင်း၊ ဘေးအန္တရာယ်ဖြစ်စေခြင်း၊ ထိခိုက်နစ်နာစေခြင်းနှင့် အပြန့်အတားဖြစ်စေခြင်းတို့မှ ကာကွယ်ရန်။

### အခန်း(၃)

### ခွင့်ပြုမိန့်လျှောက်ထားခြင်း

၄။ မိမိသဘောထားဆန္ဒကို ဖော်ပြရန်အလို့ငှာ ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်း အခွင့်အရေးတို့ကို သုံးစွဲဆောင်ရွက်လိုသော နိုင်ငံသားများ သို့မဟုတ် အဖွဲ့အစည်းများသည် ခွင့်ပြုမိန့်ရရှိရန် အောက်ပါအချက်များပါဝင်သော လျှောက်လွှာကို သက်ဆိုင်ရာမြို့နယ် ရဲတပ်ဖွဲ့မှူးထံ ယင်းသို့ဆောင်ရွက်မည့်နေ့ရက်မတိုင်မီ အနည်းဆုံး ငါးရက်ကြိုတင်၍ တင်ပြရမည်-

(က) ငြိမ်းချမ်းစွာစုဝေးခြင်းပြုလုပ်လိုသည့် ရည်ရွယ်ချက်၊ နေရာ၊ နေ့ရက်၊ အချိန်အပိုင်းအခြား၊ ငြိမ်းချမ်းစွာစုဝေးခြင်းပြုရာတွင် ဟောပြောလိုသည့်အကြောင်းအရာနှင့် ကြွေးကြော်လိုသည့် ကြွေးကြော်သံများ၊

(ခ) ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းပြုလုပ်လိုသည့် ရည်ရွယ်ချက်၊ လမ်းကြောင်း၊ နေ့ရက်၊ အချိန်အပိုင်းအခြားနှင့် ကြွေးကြော်လိုသည့် ကြွေးကြော်သံများ၊

(ဂ) ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့်တို့အတွက် လျှောက်ထားသူ၊ ဦးဆောင်မည့်ပုဂ္ဂိုလ်နှင့် ဟောပြောမည့်ပုဂ္ဂိုလ်တို့၏ ကိုယ်ရေးအချက်အလက်၊

(ဃ) ငြိမ်းချမ်းစွာစုဝေးခြင်း သို့မဟုတ် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်း ပြုလုပ်မည့် အစီအစဉ်နှင့် ခန့်မှန်းလူဦးရေ၊

(င) ငြိမ်းချမ်းစွာစုဝေးခြင်း သို့မဟုတ် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းနှင့် စပ်လျဉ်း၍ အဖွဲ့အစည်းတစ်ရပ်အနေဖြင့် ဆောင်ရွက်ပါက ယင်းအဖွဲ့အစည်း၏ ဆုံးဖြတ်ချက်မှတ်တမ်း သို့မဟုတ် အထောက်အထား၊

(စ) ခွင့်ပြုမိန့်ရရှိပါက ဤဥပဒေပါစည်းကမ်းချက်များနှင့် ခွင့်ပြုမိန့်ပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်မည်ဖြစ်ကြောင်း ဝန်ခံချက်။

### အခန်း(၄)

### ခွင့်ပြုမိန့်ထုတ်ပေးခြင်းနှင့် ငြင်းပယ်ခြင်း

၅။ သက်ဆိုင်ရာမြို့နယ်ရဲတပ်ဖွဲ့မှူးသည် နိုင်ငံသားတစ်ဦးက ဖြစ်စေ၊ နိုင်ငံသားအများက ဖြစ်စေ၊ အဖွဲ့အစည်းတစ်ရပ်ရပ်က ဖြစ်စေ ခွင့်ပြုမိန့်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ တင်ပြလျှောက်ထားချက်ကို လက်ခံရရှိသည့်အခါ သက်ဆိုင်ရာမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး၏အတည်ပြုချက်ဖြင့် ခွင့်ပြုမိန့်ထုတ်ပေးခြင်း သို့မဟုတ် ခွင့်ပြုမိန့်ထုတ်ပေးရန် ငြင်းပယ်ခြင်းပြုနိုင်သည်။ သို့ရာတွင် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး သို့မဟုတ် ပြည်သူတို့၏ ကိုယ်ကျင့်တရားအကျိုးငှာ ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့် မဆန့်ကျင်လျှင် ခွင့်ပြုမိန့်ထုတ်ပေးရန် ငြင်းပယ်ခြင်းမပြုရ။

၆။ ပုဒ်မ ၅ အရ ခွင့်ပြုမိန့်ထုတ်ပေးခြင်း သို့မဟုတ် ထုတ်ပေးရန် ငြင်းပယ်ခြင်းတို့ကို မြို့နယ်ရဲတပ်ဖွဲ့မှူးသည် သက်ဆိုင်ရာခရိုင်ရဲတပ်ဖွဲ့မှူးထံသို့ လည်းကောင်း၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးသည် သက်ဆိုင်ရာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးထံသို့ လည်းကောင်း ဆောလျင်စွာ တင်ပြထားရမည်။

၇။ သက်ဆိုင်ရာမြို့နယ်ရဲတပ်ဖွဲ့မှူးသည်-

(က) ခွင့်ပြုမိန့်ထုတ်ပေးလျှင် ငြိမ်းချမ်းစွာစုဝေးခြင်း သို့မဟုတ် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းပြုလုပ်ရန် ခွင့်ပြုမည့်နေ့ရက်နှင့်အချိန်မတိုင်မီ အနည်းဆုံး ၄၈ နာရီကြိုတင်၍ သက်ဆိုင်ရာ လျှောက်ထားသူထံ အကြောင်းပြန်ကြားရမည်။

(ခ) ခွင့်ပြုမိန့်ထုတ်ပေးရန်ငြင်းပယ်ပါက ကျိုးကြောင်းဖော်ပြ၍ လျှောက်ထားချက်ပါနေ့ရက်နှင့် အချိန်မတိုင်မီ အနည်းဆုံး ၄၈ နာရီ

ကြိုတင်...
ရမည်။

၈။ ခွင့်ပြုမိန့်တွင် ...
(က) ငြိမ်းချမ်း...
အခြား...
(ခ) ငြိမ်းချမ်း...
သွားလ...
(ဂ) ငြိမ်းချမ်း...
ပါဝင်ခွ...
(ဃ) ဟောပြေ...
နေရပ်...
(င) ဒေသဆို...

၉။ ခွင့်ပြုမိန့်ထုတ်...
အယူခံဝင်ရောက်နိုင်...
(က) ခွင့်ပြုမိ...
လက်ခံ...
သို့မဟု...
(ခ) သက်ဆို...
ပုဒ်မခွဲ(...
ရရှိသ...
သို့မဟု...
မှူး၏...
(ဂ) ပုဒ်မခွဲ(...
ချမှတ်...

၁၀။ ငြိမ်းချမ်းစွာစု...
သည့် နေရာတွင်သ...
၁၁။ ငြိမ်းချမ်းစွာစီ...
မဖြစ်စေရေးအတွက်...
တွင် စတင်စုဝေးပြီး...
စီတန်းလှည့်လည်ခ...
၁၂။ ငြိမ်းချမ်းစွာစု...
အောက်ပါစည်းကမ်း...
(က) အများပြ...
ငြိငြင်...
သော်လ...
စေခြင်း...
အပြုအ...
(ခ) ခွင့်ပြု...
သည့်...
ပစ္စည်း...
ပတ်ဝန်...
(ဂ) ယာဉ်မှ...
အယှက်...
(ဃ) ငြိမ်းချမ်...
တွင် မ...



### အလှူငွေများ ပေးအပ်လှူဒါန်း

ဘယ်လာရုစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာမီခေးလ် ဗွီ မီယာစညီကိုဗစ်ချ်နှင့် ဇနီးတို့က ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအတွက် အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

## ဘယ်လာရုစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာမီခေးလ် ဗွီ မီယာစညီကိုဗစ်ချ်နှင့် ဇနီး ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ နေပြည်တော်အတွင်း ကြည့်ရှုလေ့လာ

နေပြည်တော် ဒီဇင်ဘာ ၂

**နေပြည်တော်တွင် ချစ်ကြည်ရေးခရီးရောက်ရှိနေသော ဘယ်လာရုစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာမီခေးလ် ဗွီ မီယာစညီကိုဗစ်ချ်နှင့်ဇနီး ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ယနေ့ ညနေ ၄ နာရီခွဲတွင် ဥပ္ပါတသန္တိစေတီတော်သို့ရောက်ရှိကြရာ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်နှင့် စေတီတော်ဂေါပကအဖွဲ့ဝင်များက ကြိုဆိုကြသည်။**

ဘယ်လာရုစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်နှင့် ဇနီးသည် ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်နှင့် တာဝန်ရှိသူများ လိုက်ပါလျက် စေတီတော်လိုဏ်တော်အတွင်းရှိ စကျင်ကျောက်ထွင်း ဗုဒ္ဓဝင်ပန်းချီကားများကို ကြည့်ရှုလေ့လာကြပြီး ကျောက်စိမ်းဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ ရေချမ်းတို့ဖြင့် ဆက်ကပ်လှူဒါန်း၍ ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးသည်။

ယင်းနောက် ဧည့်သည်တော်ဝန်ကြီးချုပ်နှင့်ဇနီးသည် စေတီတော်မြတ်ကြီးအတွက် အလှူငွေများကို ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် ဧည့်သည်တော်ဝန်ကြီးချုပ်နှင့် ဇနီးသည် စေတီတော်ပရိဝုဏ်အတွင်းရှိ ရတနာဆင်ဖြူတော်အဆောင်၌ ရတနာဆင်ဖြူတော်များအား ကြည့်ရှုလေ့လာကြသည်။

ဘယ်လာရုစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်၏ဇနီး မစ္စစ် လုဒ်မီလာမီယာစညီကိုဗစ်ချ်သည် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာသက်သက်ဇင်အား ယနေ့ နံနက် ၉ နာရီတွင် အဖွဲ့ချုပ်ရုံးဧည့်ခန်းမ၌ သွားရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် အဖွဲ့ချုပ်ဥက္ကဋ္ဌက မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ လုပ်ငန်းတာဝန်များ၊ အမျိုးသမီးများဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကာကွယ်စောင့်ရှောက်မှုလုပ်ငန်းများကို ရှင်းလင်းပြောကြားရာ ဧည့်သည်တော်ဝန်ကြီးချုပ်၏ဇနီးက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးသည်။

ယင်းနောက် ဧည့်သည်တော်ဝန်ကြီးချုပ်၏ဇနီးသည် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ရုံးအတွင်း လှည့်လည်ကြည့်ရှုလေ့လာပြီး ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးသည်။

(သတင်းစဉ်)



ကြိုတင်၍ သက်ဆိုင်ရာလျှောက်ထားသူထံ အကြောင်းပြန်ကြားရမည်။

၈။ ခွင့်ပြုမိန့်တွင် အောက်ပါအချက်များကို ဖော်ပြရမည်-

(က) ငြိမ်းချမ်းစွာစုဝေးခြင်းပြုရမည့် နေ့ရက်၊ နေရာနှင့် အချိန်အပိုင်းအခြား၊

(ခ) ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းပြုရမည့် နေ့ရက်၊ ဖြတ်သန်းသွားလာရမည့်လမ်းကြောင်းနှင့် အချိန်အပိုင်းအခြား၊

(ဂ) ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းတို့တွင် ပါဝင်ခွင့်ပြုသည့်ဦးရေ၊

(ဃ) ဟောပြောခွင့်ရရှိသည့်ပုဂ္ဂိုလ် သို့မဟုတ် ပုဂ္ဂိုလ်များ၏ အမည်နှင့် နေရပ်လိပ်စာ၊

(င) ဒေသဆိုင်ရာလိုအပ်ချက်အရ သတ်မှတ်သောစည်းကမ်းများ။

၉။ ခွင့်ပြုမိန့်ထုတ်ပေးရန် ငြင်းပယ်ခံရခြင်းနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း အယူခံဝင်ရောက်နိုင်သည်-

(က) ခွင့်ပြုမိန့်ထုတ်ပေးရန် ငြင်းပယ်ကြောင်း အကြောင်းကြားသည့်စာကို လက်ခံရရှိသည့်နေ့မှ ခုနစ်ရက်အတွင်း သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရဲတပ်ဖွဲ့မှူးထံ အယူခံနိုင်သည်။

(ခ) သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရဲတပ်ဖွဲ့မှူးသည် ပုဒ်မခွဲ(က)အရ အယူခံခြင်းနှင့်စပ်လျဉ်း၍ ယင်းအယူခံလွှာ လက်ခံရရှိသည့်နေ့မှ ၁၄ ရက်အတွင်း သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး၏ အတည်ပြုချက်ဖြင့် အဆုံးအဖြတ်ပေးရမည်။

(ဂ) ပုဒ်မခွဲ(ခ)အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရဲတပ်ဖွဲ့မှူးက ချမှတ်သော အဆုံးအဖြတ်သည် အပြီးအပြတ်ဖြစ်စေရမည်။

## အခန်း(၅)

## စည်းကမ်းသတ်မှတ်ချက်များ

၁၀။ ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် စပ်လျဉ်း၍ ခွင့်ပြုမိန့်တွင် သတ်မှတ်ပေးထားသည့် နေရာတွင်သာ ငြိမ်းချမ်းစွာစုဝေးခြင်းပြုရမည်။

၁၁။ ငြိမ်းချမ်းစွာစီတန်းလှည့်လည်ရာတွင် အများပြည်သူအား အနှောင့်အယှက်မဖြစ်စေရေးအတွက် ခွင့်ပြုမိန့်တွင် သတ်မှတ်ထားသည့်လမ်းကြောင်းအစနေရာတွင် စတင်စုဝေးပြီး သတ်မှတ်ထားသည့် လမ်းကြောင်းအတိုင်းသာ ငြိမ်းချမ်းစွာစီတန်းလှည့်လည်ဆောင်ရွက်ခွင့်ရှိသည်။

၁၂။ ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းပြုသူများသည် အောက်ပါစည်းကမ်းများကို လိုက်နာရမည်-

(က) အများပြည်သူကို အနှောင့်အယှက်အဟန့်အတားဖြစ်စေခြင်း၊ စိတ်ငြိုငြင်စေခြင်း၊ အန္တရာယ်ဖြစ်စေခြင်း သို့မဟုတ် ထိခိုက်နစ်နာစေခြင်းသော်လည်းကောင်း၊ ယင်းသို့ ဖြစ်တန်ရာသည်ဟု စိုးရိမ်ထိတ်လန့်စေခြင်းသော်လည်းကောင်း ဖြစ်နိုင်သည့် အပြောအဆို သို့မဟုတ် အပြုအမူကို မပြုလုပ်ရ။

(ခ) ခွင့်ပြုထားသော စုဝေးသည့်နေရာ သို့မဟုတ် စီတန်းလှည့်လည်သည့် လမ်းကြောင်းတစ်လျှောက်ရှိ ပြည်သူပိုင်ပစ္စည်း၊ အများပိုင်ပစ္စည်း၊ ပုဂ္ဂလိကပိုင်ပစ္စည်းများကို ထိခိုက်ပျက်စီးစေမည့် အပြုအမူ၊ ပတ်ဝန်းကျင်ညစ်ညမ်းစေမည့် အပြုအမူများ မပြုလုပ်ရ။

(ဂ) ယာဉ်များနှင့် လမ်းသွားလမ်းလာများ၊ ပြည်သူများကို အနှောင့်အယှက်ဖြစ်စေသော တားဆီးပိတ်ဆို့ခြင်းကို မပြုလုပ်ရ။

(ဃ) ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းတို့ပြုရာတွင် မည်သည့်လက်နက်တစ်မျိုးမျိုးကိုမျှ ကိုင်ဆောင်ခြင်းမပြုရ။

(င) နိုင်ငံတော်နှင့် ပြည်ထောင်စုကိုဖြစ်စေ၊ လူမျိုးရေး သို့မဟုတ် ဘာသာရေးကိုဖြစ်စေ၊ လူ့သိက္ခာနှင့် ကိုယ်ကျင့်တရားကိုဖြစ်စေ ထိခိုက်စေမည့် အပြောအဆိုနှင့် အပြုအမူများကို မပြုလုပ်ရ။

(စ) မမှန်ကန်သောသတင်းများ (ကောလာဟလ)များကို ဖြစ်စေ၊ မမှန်ကန်သော အချက်အလက်များကိုဖြစ်စေ ဟောပြောခြင်း မပြုလုပ်ရ။

(ဆ) ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းတို့ ပြုရာတွင် အလံ၊ ပိုစတာနှင့် ဆိုင်းဘုတ်များကို ကိုင်ဆောင်ခြင်း၊ ပြသခြင်းပြုလုပ်နိုင်သည်။

(ဇ) ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းပြုရာတွင် လက်ကိုင်အသံချဲ့စက်မှအပ အသံချဲ့စက်အသုံးပြုခြင်း၊ ခွင့်ပြုထားသောကြွေးကြော်သံများမှအပ ကြွေးကြော်ခြင်းနှင့် အော်ဟစ်ခြင်းမပြုလုပ်ရ။

(ဈ) တာဝန်ရှိသူများ၏ ကြီးကြပ်မှုနှင့် စည်းကမ်းထိန်းသိမ်းမှုကို လိုက်နာရမည်။

(ည) လိုအပ်ချက်အရ ထုတ်ပြန်သော အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များကို လိုက်နာရမည်။

(ဋ) ခွင့်ပြုမိန့်ရုပ်သိမ်းခြင်းခံရပါက ဆက်လက်ဆောင်ရွက်ခြင်းမပြုဘဲ လူစုခွဲရမည်။

## အခန်း(၆)

## အရေးယူဆောင်ရွက်ခြင်း

၁၃။ ခွင့်ပြုမိန့်အရ ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းတို့ကို ဥပဒေနှင့်အညီ ဆောင်ရွက်နေသူတို့အား နှောင့်ယှက်ခြင်း၊ ဖျက်ဆီးခြင်း သို့မဟုတ် ဟန့်တားခြင်း မပြုနိုင်စေရန် လည်းကောင်း၊ ဘေးအန္တရာယ် မဖြစ်စေရန် လည်းကောင်း ဒုတိယရဲအုပ်အဆင့်ထက် မနိမ့်သော ရဲအရာရှိတစ်ဦးဦးက လိုအပ်သောကာကွယ်စောင့်ရှောက်မှုများကို ဆောင်ရွက်ရမည်။

၁၄။ ဒုတိယရဲအုပ်အဆင့်ထက်မနိမ့်သော ရဲအရာရှိတစ်ဦးဦးသည်-

(က) ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းတို့ကို ပြုလုပ်သည့်နေရာတွင် ဤဥပဒေပါ စည်းကမ်း သို့မဟုတ် ခွင့်ပြုမိန့်ပါ စည်းကမ်းချက်တစ်ရပ်ရပ်ကို လိုက်နာခြင်းမရှိကြောင်း တွေ့ရှိရပါက ဦးဆောင်သည့်ပုဂ္ဂိုလ်အား သတိပေးရမည်။

(ခ) ပုဒ်မခွဲ (က) အရ သတိပေးသည်ကို လိုက်နာဆောင်ရွက်ခြင်းမရှိပါက မြို့နယ်ရဲတပ်ဖွဲ့မှူးထံ ချက်ချင်းတင်ပြရမည်။

၁၅။ မြို့နယ်ရဲတပ်ဖွဲ့မှူးသည် ပုဒ်မ ၁၄၊ ပုဒ်မခွဲ (ခ)အရ တင်ပြချက်ကို ရရှိလျှင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးထံ ချက်ချင်းတင်ပြ ခွင့်ပြုချက်ရယူပြီး ငြိမ်းချမ်းစွာစုဝေးခြင်း ခွင့်ပြုမိန့်ကိုသော်လည်းကောင်း၊ ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်း ခွင့်ပြုမိန့်ကိုသော်လည်းကောင်း ရုပ်သိမ်းနိုင်သည်။ ယင်းသို့ ရုပ်သိမ်းကြောင်းကို တာဝန်ရှိသူက နှုတ်ဖြင့်ကြေညာပြီးနောက် ၂၄ နာရီအတွင်း စာဖြင့် အကြောင်းကြားရမည်။

၁၆။ ခွင့်ပြုမိန့်ကို ရုပ်သိမ်းကြောင်း ကြေညာပြီးနောက် ဆက်လက်စည်းကမ်း ဖောက်ဖျက်ခြင်းများရှိနေပါက မြို့နယ်ရဲတပ်ဖွဲ့မှူးသည် တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း သို့မဟုတ် စည်းကမ်းလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက် အရေးယူဆောင်ရွက်ရမည်။

## အခန်း(၇)

## ပြစ်မှုနှင့်ပြစ်ဒဏ်များ

၁၇။ မည်သူမဆို ခွင့်ပြုမိန့်နှင့်အညီ ငြိမ်းချမ်းစွာစုဝေးခြင်း သို့မဟုတ် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းပြုသူများအား နှောင့်ယှက်ခြင်း၊ ဖျက်ဆီးခြင်း၊ ဟန့်တားခြင်း၊ စိတ်ငြိုငြင်စေခြင်း၊ လက်ရောက်မှုကျူးလွန်ခြင်း၊ အနိုင်အထက်ပြုခြင်း သို့မဟုတ် ဘေးအန္တရာယ်ဖြစ်စေခြင်းပြုကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို နှစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်ငါးသောင်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၁၈။ မည်သူမဆို ခွင့်ပြုမိန့်မရရှိဘဲ ငြိမ်းချမ်းစွာစုဝေးခြင်း သို့မဟုတ် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းပြုကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သုံးသောင်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၁၉။ မည်သူမဆို ပုဒ်မ ၈၊ ပုဒ်မခွဲ(င)အရ သတ်မှတ်သော စည်းကမ်းတစ်ရပ်ရပ်ကိုသော်လည်းကောင်း၊ ပုဒ်မ ၁၀၊ ၁၁ နှင့် ၁၂ တို့ပါ စည်းကမ်းတစ်ရပ်ရပ်ကိုသော်လည်းကောင်း ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သောင်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

## အခန်း(၈)

## အထွေထွေ

၂၀။ ဤဥပဒေအရ အရေးယူသောပြစ်မှုကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုအဖြစ် သတ်မှတ်သည်။

၂၁။ မည်သူမဆိုခွင့်ပြုမိန့်အရ ငြိမ်းချမ်းစွာစုဝေးခြင်း သို့မဟုတ် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းပြုရာတွင် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးတို့ကို ဖောက်ဖျက်လျှင်သော်လည်းကောင်း၊ ပြည်သူတို့၏ ကိုယ်ကျင့်တရားအကျိုးငှာ ပြဋ္ဌာန်းထားသည့် ဥပဒေများကို ဆန့်ကျင်ကျူးလွန်လျှင်သော်လည်းကောင်း၊ အခြားသူတစ်ဦးဦးကို ထိခိုက်နစ်နာစေသော ပြုလုပ်မှုများ ကျူးလွန်လျှင်သော်လည်းကောင်း ယင်းဖောက်ဖျက်ကျူးလွန်မှုများကို ယင်းတို့နှင့် သက်ဆိုင်သည့် တည်ဆဲဥပဒေအရ အရေးယူဆောင်ရွက်ရမည်။

၂၂။ နိုင်ငံသားတစ်ဦးချင်းအနေဖြင့်လည်း မိမိ၏ယုံကြည်ချက်၊ ထင်မြင်ယူဆချက်များကို လွတ်လပ်စွာထုတ်ဖော်နိုင်ရန်အတွက် ငြိမ်းချမ်းစွာလှည့်လည်ခြင်းနှင့် ငြိမ်းချမ်းစွာဆန္ဒထုတ်ဖော်ခြင်းစသည့် အခွင့်အရေးများကို သုံးစွဲဆောင်ရွက်ရာ၌ ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

၂၃။ ခွင့်ပြုချက်ရရှိသည့် နိုင်ငံသား သို့မဟုတ် အဖွဲ့အစည်းသည် အကြောင်းအမျိုးမျိုးကြောင့် ငြိမ်းချမ်းစွာစုဝေးခြင်း သို့မဟုတ် စီတန်းခြင်း မပြုလုပ်လိုပါက ၂၄ နာရီအတွင်း သက်ဆိုင်ရာမြို့နယ်ရဲတပ်ဖွဲ့မှူးထံ ပြန်လည်တင်ပြရမည်။

၂၄။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပြည်ထဲရေးဝန်ကြီးဌာနသည်-

(က) လိုအပ်သော နည်းဥပဒေ၊ စည်းမျဉ်း သို့မဟုတ် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ) သိန်းစိန်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# ကြည့်ရှုလေ့လာ

**ဘယ်လာရုစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်၏ ဇနီး မစ္စစ် လုဒ် မီလာမီယာစည်ကိုဗစ်ချ် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ရုံးအတွင်း ကြည့်ရှုလေ့လာစဉ်။**

(သတင်းစဉ်)



# လမ်းလျှောက်ကြစို့

* စောစောအိပ်လို့ စောစောထ
မှန်မှန်လမ်းလျှောက်ကြ။
* ဖူးကြပွင့်ကြ ပန်းမျိုးစုံ
သင်းပျံ့မွှေးထုံထုံ။
* ငွေနှင်းမှုန်မှုန် ဖြူဖြူဖွေး
မြောက်လေ တအေးအေး။
* နွေးနွေးထွေးထွေး ရှိသကို
ကျေးငှက်သံချိုချို။
* ဝန်းကျင်တစ်ခို သာပုံဆန်း
ကြည့်ကြရှုကြစမ်း။
* ကျန်းမာသန်စွမ်း ဖြစ်ဖို့ရာ
လေ့ကျင့်ပျော်ရွှင်စွာ။
* သက်ရှည်ကျန်းမာ လာဘ်တစ်ပါး
အသိပညာပွား။
* အားကစားလ ဒီဇင်ဘာ
ကိုယ်လက်လှုပ်ရှားပါ။
* စုပေါင်းညီညာ ပျော်ရွှင်ဖို့
မှန်မှန်လမ်းလျှောက်စို့။ ။

သောင်းကိုကို

# ကိုယ်ပိုင်ကျောင်းမှတ်ပုံတင်ဥပဒေ ဒီဇင်ဘာ ၄ ရက်နေ့ သတင်းစာများတွင် ဖော်ပြမည်

**နေပြည်တော် ဒီဇင်ဘာ ၂**

ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတက အတည်ပြုလက်မှတ်ရေးထိုးသော ကိုယ်ပိုင်ကျောင်းမှတ်ပုံတင်ဥပဒေကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်ကြေညာလိုက်သည်။

အဆိုပါဥပဒေအပြည့်အစုံကို ဒီဇင်ဘာ ၄ ရက်နေ့သတင်းစာများတွင် ဖော်ပြသွားမည်ဖြစ်သည်။

(သတင်းစဉ်)



**မိဘများဖြစ်သော (ဦးခင်အုန်း-ဒေါ်ခင်ထွေး)၊ ဦးမျိုးအောင်-(ဒေါ်ညွန့်တင်)တို့အား ရည်စူးအမှုထား၍ ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်နေ ဦးဇော်ဝေ-ဒေါ်စန်းစန်းတင့်၊ သား-ကိုနိုင်ဖူးမောင်၊ ဗိုလ်ကြီးနိုင်လင်းမောင်၊ သမီး-ခင်စုလှိုင် မိသားစုက ဇီဝိတဒါနသံဃာ့ဆေးရုံကြီး(ရန်ကုန်)တွင် ဆောက်လုပ်နေသော သံဃာဆေးကုသဆောင်သစ်ကြီးအတွက် မတည်အလှူငွေကျပ် သိန်း ၈၀ လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးသိန်းအောင် လက်ခံစဉ်။**

(ဇီဝိတဒါနသံဃာ့ဆေးရုံ)

# အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်အား ဘယ်လာရုစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာမီခေးလ် ဗွီ မီယာစညီကိုဗစ်ချ် ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံ

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်အား ဘယ်လာရုစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာမီခေးလ် ဗွီ မီယာစညီကိုဗစ်ချ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံစဉ်။** (သတင်းစဉ်)

**နေပြည်တော် ဒီဇင်ဘာ ၂**

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီး ရောက်ရှိနေသည့် ဘယ်လာရုစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာမီခေးလ် ဗွီ မီယာစညီကိုဗစ်ချ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ ညနေ ၃ နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် နှစ်နိုင်ငံလွှတ်တော်ဆိုင်ရာကိစ္စရပ်များ၊ လွှတ်တော်အချင်းချင်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံစီးပွားရေးကဏ္ဍများ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် အကျိုးတူ ပူးပေါင်းဆောင်ရွက်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိစ္စရပ်များ၊ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်ရရှိရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

အဆိုပါ တွေ့ဆုံပွဲသို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်နှင့်အတူ ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်း၊ အမျိုးသားလွှတ်တော်ကော်မတီဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊ ပါတီပေါင်းစုံ၊ တိုင်းရင်းသားပေါင်းစုံ၊ လူမျိုးပေါင်းစုံ ပါဝင်သော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များနှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး ဧည့်သည်တော် ဘယ်လာရုစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့နှင့်အတူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ဘယ်လာရုစ် သံအမတ်ကြီး H. E. Mr. Valery SADOKHO လည်း တက်ရောက်သည်။



တွေ့ဆုံပွဲအပြီးတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်၊ ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်းနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များသည် ဧည့်သည်တော် ဘယ်လာရုစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့နှင့်အတူ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။ (သတင်းစဉ်)

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် ဟန်ကျိုးမြို့ရှိ နယ်မြေခံလေတပ် တပ်မသို့လေ့လာ

**နေပြည်တော် ဒီဇင်ဘာ ၂**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟန်ကျိုးမြို့၌ ရောက်ရှိနေသော တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး မင်းအောင်လှိုင်သည် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဒုတိယဗိုလ်ချုပ်ကြီး လှဌေးဝင်း၊ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ စစ်ဦးစီးအရာရှိချုပ်(ရေ) ဗိုလ်ချုပ်သူရ သက်ဆွေ၊ စစ်ဦးစီးအရာရှိချုပ်(လေ) ဗိုလ်ချုပ်ခင်အောင်မြင့်၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ကျော်ဇော၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဆန်းဦးနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အဆင့်မြင့်အရာရှိကြီးများ၊ တရုတ်ပြည်သူ့လွှတ်မြောက်ရေးတပ်မတော် နိုင်ငံခြားဆက်ဆံရေးဌာန ညွှန်ကြားရေးမှူးချုပ် Maj .Gen. Qian Li Hua နှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်စစ်သံမှူး Sr. Col. Xiong Shao Wei တို့ လိုက်ပါလျက် နိုဝင်ဘာ ၃၀ ရက် နံနက် ၉ နာရီတွင် ဟန်ကျိုးမြို့ နယ်မြေခံလေတပ် တပ်မသို့ ရောက်ရှိကြရာ တပ်မှူး Sr. Col . Yu Shu Xiong နှင့် တာဝန်ရှိသူများက ဂုဏ်ပြုတပ်ဖွဲ့ဖြင့်ကြိုဆိုနှုတ်ဆက်ကြသည်။

ဆက်လက်၍ ဧည့်ခန်းမတွင် တပ်မှူး Sr. Col. Yu Shu Xiong က နှုတ်ခွန်းဆက်စကား ပြောကြားကာ ဒုတိယတပ်မှူး Col. Liu Wen Qi က လေတပ် တပ်မနှင့် ပတ်သက်သည့် အချက်အလက်များကို ရှင်းလင်းတင်ပြပြီး လက်ဆောင်ပစ္စည်းများ အပြန်အလှန် ပေးအပ်ကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့သည် လေယာဉ်ကွင်းအတွင်း၌ ပြသထားသော စစ်ဘက်ဆိုင်ရာ တိုက်လေယာဉ်ကို ကြည့်ရှုလေ့လာကြပြီး တာဝန်ရှိသူများနှင့်အတူ စုပေါင်းဓာတ်ပုံရိုက်ကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့သည် Hang Zhou မြို့ ရထားဘူတာရုံသို့ ရောက်ရှိကြပြီး လေတပ် တပ်မမှ တာဝန်ရှိသူများအား အမှတ်တရလက်ဆောင်များ ပေးအပ်ကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့သည် Hang Zhou မြို့မှ ရထားဖြင့် ထွက်ခွာလာကြရာ Shanghai မြို့သို့ ရောက်ရှိကြပြီး Shanghai မြို့စောင့်တပ် အကြီးအကဲ Maj. Gen. Pong Shai Gen နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် ရှန်ဟိုင်းမြို့ရှိ နယ်မြေခံရေတပ်စခန်းသို့ ရောက်ရှိကြရာ ရှန်ဟိုင်းရေတပ်စခန်းမှူး Maj. Gen. Shen Hao နှင့်တာဝန်ရှိသူများက ဂုဏ်ပြုတပ်ဖွဲ့နှင့်ကြိုဆို နှုတ်ဆက်ကြပြီး ဌာနချုပ် ဧည့်ခန်းမတွင် စခန်းမှူး Maj. Gen. Shen Hao က တပ်ဖွဲ့အကြောင်း ရှင်းလင်းတင်ပြကာ နှစ်နိုင်ငံတပ်မတော် အထိမ်းအမှတ်တံဆိပ်များကို အပြန်အလှန် လဲလှယ်ပေးအပ်ကြသည်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့်အဖွဲ့သည် စစ်ရေယာဉ်အမှတ် (၅၁၃)အား ကြည့်ရှုလေ့လာပြီး ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင်လက်မှတ်ရေးထိုးကာ တာဝန်ရှိသူများနှင့် စုပေါင်း ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် အဖွဲ့သည် ညပိုင်းတွင် Hong Qiao Hotel ၌ Shanghai မြို့စောင့်တပ် အကြီးအကဲ Maj- Gen. Peng Shai Gen က တည်ခင်းသော ညစာစားပွဲသို့ တက်ရောက်ကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် Shanghai မြို့စောင့်တပ် အကြီးအကဲတို့သည် ညစာသုံးဆောင်မည့်ခန်းမ၌ နှုတ်ခွန်းဆက်စကားပြောကြားကြပြီး ညစာကို အတူတကွ သုံးဆောင်ကြသည်။

ညစာစားပွဲအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် Shanghai မြို့စောင့်တပ် အကြီးအကဲတို့သည် လက်ဆောင်ပစ္စည်းများ အပြန်အလှန် ပေးအပ်ကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့်အဖွဲ့သည် ခေတ္တတည်းခိုမည့် Hong Qiao Hotel တွင် ညအိပ် ရပ်နားသည်။ (သတင်းစဉ်)



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်အား ရှန်ဟိုင်းမြို့ရှိ နယ်မြေခံရေတပ်စခန်း ဌာနချုပ် ဧည့်ခန်းမတွင် စခန်းမှူး Maj. Gen. Shen Hao က တပ်ဖွဲ့အကြောင်း ရှင်းလင်းတင်ပြစဉ်။** (သတင်းစဉ်)



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်အား ဟန်ကျိုးမြို့ နယ်မြေခံလေတပ် တပ်မှူး Sr.Col. Yu Shu Xiong နှင့် တာဝန်ရှိသူများက ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆိုနှုတ်ဆက်ကြစဉ်။** (သတင်းစဉ်)

# KIA အဖွဲ့၏ ပစ်ခတ်မှုကြောင့် အပြစ်မဲ့ပြည်သူ(၁)ဦးသေဆုံးပြီး (၇)ဦးဒဏ်ရာရရှိ

**နေပြည်တော် ဒီဇင်ဘာ ၂**

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် ညောင်တောကျေးရွာအနီး၌ နိုဝင်ဘာ ၂၉ ရက်တွင် KIA အဖွဲ့၏ ပစ်ခတ်မှုကြောင့် အပြစ်မဲ့ပြည်သူတစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ညောင်တောကျေးရွာနေ ဦးတူးဂျာ(၄၀)နှစ် (ဘ) ဦးအင်မေဂမ်သည် ယင်းနေ့ ည ၉ နာရီက စပါးရိတ်သိမ်းရာတွင် စားသုံးရန်အတွက် ရွာ၏အနောက်ဘက် နှစ်ဖာလုံခန့်အကွာရှိ လယ်ကွင်းသို့ ရိက္ခာများ သယ်ယူလာစဉ် KIA အဖွဲ့က သေနတ်ဖြင့် ပစ်ခတ်ခဲ့သည့်အတွက် ယာဘက်ပေါင်တွင် သေနတ်ထိမှန်ဒဏ်ရာတစ်ချက် ရရှိခဲ့ကြောင်း၊ ထို့ကြောင့် ဦးတူးဂျာအား တာဝန်ရှိသူများက နမ္မတီးတိုက်နယ်ဆေးရုံသို့ ပို့ဆောင်ဆေးကုသပေးလျက်ရှိကြောင်းနှင့် လိုအပ်သည်များ ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရသည်။

အလားတူ နိုဝင်ဘာ ၃၀ ရက် နံနက်ပိုင်းကလည်း မြစ်ကြီးနားမြို့နယ် တာလောကြီးကျေးရွာအုပ်စုသို့ KIA အဖွဲ့က လက်နက်ကြီးဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ကျွန်းပင်သာရပ်ကွက်နေ ဒေါ်သန်းဆင့် (၅၂)နှစ် (ဘ)ဦးခွန်မှာ ဝမ်းဗိုက်ဗုံးစထိမှန်သေဆုံးခဲ့ပြီး အပြစ်မဲ့ပြည်သူ ခြောက်ဦး ဒဏ်ရာ ရရှိခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Chengdu မြို့သို့ရောက်ရှိ

နေပြည်တော် ဒီဇင်ဘာ ၂

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်သည် မြန်မာ့တပ်မတော်အဆင့်မြင့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များ၊ တရုတ်နိုင်ငံဆိုင်ရာ မြန်မာစစ်သံမှူး ဗိုလ်မှူးကြီးတင့်ဝေနှင့် တာဝန်ရှိသူများ၊ တရုတ်ပြည်သူ့ လွတ်မြောက်ရေး တပ်မတော် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ပဆက်ဆံရေးရုံး ညွှန်ကြားရေးမှူး Maj - Gen. Qian Lihua၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်စစ်သံမှူး Sr. Col. Xiong Shao Wei တို့ လိုက်ပါလျက် ယမန်နေ့ နံနက်ပိုင်းတွင် တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော် အထူးလေယာဉ်ဖြင့် Shanghai မြို့ Hong Qiao လေဆိပ်မှ ထွက်ခွာကြရာ နံနက် ၁၁ နာရီ ၅ မိနစ်တွင် Chengdu မြို့ Tai Ping Si လေဆိပ်သို့ ရောက်ရှိကြသည်။**

ယင်းနောက် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်နှင့်အဖွဲ့အား Chengdu စစ်ဒေသကြီးမှ ဒုတိယစစ်ဦးစီးအရာရှိချုပ် Maj- Gen. Zeng Ran နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် Chengdu မြို့ လေယာဉ်ထုတ်လုပ်ရေး စက်ရုံသို့ ရောက်ရှိကြရာ ဧည့်ခန်းမရှင်းလင်းဆောင်တွင် AVIC Chengdu Aircraft Industry (GROUP) Co., Ltd. ဥက္ကဋ္ဌ Mr. Wang Guanya နှင့် ဒုတိယဥက္ကဋ္ဌ Mr. Yang Ying တို့က လေယာဉ်ထုတ်လုပ်မှု ဆိုင်ရာများကို ရှင်းလင်းတင်ပြကြပြီး ထုတ်လုပ်ထားသော လေယာဉ်ကို ကြည့်ရှုလေ့လာကြကာ လက်ဆောင်ပစ္စည်းများ အပြန်အလှန် ပေးအပ်ကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် အဖွဲ့သည် Peng Zhou ဟင်းသီးဟင်းရွက် နည်းပညာစိုက်ပျိုးရေး စခန်းသို့ ရောက်ရှိကြရာ စိုက်ပျိုးရေး တာဝန်ခံ Mr. Wu Hai နှင့် တာဝန်ရှိသူများက စိုက်ခင်းအတွင်း လိုက်လံရှင်းလင်း ပြသကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## ရှင်းလင်းတင်ပြ

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်အား Chengdu မြို့ လေယာဉ်ထုတ်လုပ်ရေးစက်ရုံ ဧည့်ခန်းမရှင်းလင်းဆောင်တွင် AVIC Chengdu Aircraft Industry (GROUP) Co., Ltd. ဥက္ကဋ္ဌ Mr. Wang Guanya နှင့် ဒုတိယဥက္ကဋ္ဌ Mr. Yang Ying တို့က လေယာဉ်ထုတ်လုပ်မှုဆိုင်ရာများကို ရှင်းလင်းတင်ပြစဉ်။** (သတင်းစဉ်)



# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် ဦးဆောင်သော မြန်မာ့တပ်မတော် အဆင့်မြင့်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ပြန်လည်ရောက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၂**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် ဦးဆောင်သော မြန်မာ့တပ်မတော် အဆင့်မြင့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ယနေ့ ညနေပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Guang Xi Zhang ပြည်နယ် Nanning မြို့မှ နေပြည်တော်သို့ မြန်မာ့တပ်မတော် အထူးလေယာဉ်ဖြင့် ပြန်လည်ရောက်ရှိကြရာ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး ညဏ်ထွန်း၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဒုတိယဗိုလ်ချုပ်ကြီး မြတ်ဟိန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး Mr. Li Junhua တို့က နေပြည်တော် လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်နှင့် အတူ မြန်မာ့တပ်မတော်အဆင့်မြင့် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များလည်း ပြန်လည် လိုက်ပါလာကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်အား ဒုတိယ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း နှင့် တာဝန်ရှိသူများက နေပြည်တော် လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြစဉ်။** (သတင်းစဉ်)

# ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် ပျဉ်းမနားမြို့နယ် အလျှင်လိုကျေးရွာ၌ ပညာပေး စံပြ ၃၆၉ ဧက စိုက်ပျိုးမည့် တောင်သူများအား တွေ့ဆုံ

**နေပြည်တော် ဒီဇင်ဘာ ၂**

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် ယမန်နေ့ ညနေပိုင်းတွင် နေပြည်တော် ပျဉ်းမနားမြို့နယ် အလျှင်လိုကျေးရွာအနီး ဆည်မြောင်းဦးစီးဌာနနှင့် ပူးပေါင်းဆောင်ရွက်သည့် တောင်သူပညာပေး အထူးအထွက်တိုး ပုလဲသွယ် စပ်မျိုးစပါး ၃၆၉ ဧက စိုက်ပျိုးရန် မြေယာပြုပြင်နေသော စိုက်ကွင်း၌ အရည်အသွေးကောင်း၊ အထူးအထွက်တိုး ပုလဲသွယ် စပ်မျိုးစပါး စိုက်ပျိုးထုတ်လုပ်ကြမည့် တောင်သူလယ်သမားများနှင့် တွေ့ဆုံသည်။

### ကျောက်သားလိုင်နင်စီ

အလျှင်လိုကျေးရွာအနီး ငလိုက်ဆည်ရေသောက်မြောင်းလက်တံ အမှတ်(၄) (DY-4) သည် အရှည်ပေ ၂၆၆၇၀ ရှိပြီး ရေသောက်ဧက ၃၂၀၀ ရှိကာ ယခု နွေစပါးစိုက်ရာသီတွင် ဧက ၁၆၀၀ ခန့်ကို ဆည်ရေပေးဝေရန် ဆောင်ရွက်နေကြောင်း၊ ဆည်ရေပေးဝေရာတွင် မြေသားတူးမြောင်းဖြင့် ပေးဝေပါက စိုက်ပျိုးရေ အလေအလွင့် အဆုံးအရှုံး ၄၀ ရာခိုင်နှုန်းရှိသည့်အတွက် တောင်သူများ အောင်ရေလုံလောက်စွာ ရရှိစိုက်ပျိုးနိုင်ကြရန် ကျောက်သားလိုင်နင်စီခြင်းလုပ်ငန်းကို နွေစပါးစိုက်ပျိုးရာသီအချိန်မီ တည်ဆောက်လျက်ရှိကြောင်း သိရှိရသည်။

### စုပေါင်းစိုက်ပျိုးမည်

ထို့ပြင် အလျှင်လိုကျေးရွာမှ တောင်သူလယ်သမားများနှင့် ဆည်မြောင်းဦးစီးဌာနတို့ ပူးပေါင်း၍ တောင်သူပညာပေး အဆင့်မြင့်လယ်ယာမြေ ၃၆၉ ဧကကို ဖော်ထုတ်၍ ကုန်ထုတ်လမ်း ငါးလမ်းနှင့် ရေသွင်းရေထုတ်မြောင်း အပါအဝင် အရှည်ပေ ၁၅၁၅၀ လျာထားဆောင်ရွက်ခဲ့ရာ အမှတ်(၁)၊ အမှတ်(၂)၊ အမှတ်(၃) ကုန်ထုတ်လမ်းများနှင့် ရေသွင်းရေထုတ်မြောင်း ပေ ၇၂၀၀ ကို အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးနေပြီး ဇန်နဝါရီ ၁ ရက်တွင် အားလုံးပြီးစီးမည်ဖြစ်ကြောင်း၊ တောင်သူလယ်သမား ၁၇၀ က အဆင့်မြင့် လယ်ယာမြေ ဖော်ထုတ်ထားသည့် ၃၆၉ ဧကကို အရည်အသွေးကောင်း၊ အထူးအထွက်တိုး ပုလဲသွယ် စပ်မျိုးစပါးများကို နွေစပါးအဖြစ် အားကြိုးမာန်တက် စုပေါင်းစိုက်ပျိုးကြမည်ဖြစ်ကြောင်း သိရှိရသည်။



**လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် ပျဉ်းမနားမြို့နယ် အလျှင်လိုကျေးရွာ အနီး တောင်သူပညာပေး အထူးအထွက်တိုး ပုလဲသွယ် စပ်မျိုးစပါးများ စိုက်ပျိုးရန် မြေယာ ပြုပြင်နေသော စိုက်ကွင်း၌ တောင်သူလယ်သမားများအားတွေ့ဆုံစဉ်။** (သတင်းစဉ်)

ယင်းသို့တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က အရည်အသွေးကောင်း၊ အထွက်နှုန်းကောင်းသော မျိုးကောင်းမျိုးသန့်များ ပြောင်းလဲစိုက်ပျိုးကြမှသာ တွက်ခြေကိုက်၊ ဝင်ငွေတိုးတက်စေပြီး လယ်သမားများ၏ ဝင်ငွေနှစ်ဆတိုး ရရှိနိုင်မည်ဖြစ်ကြောင်း၊ ယခုအခါ အရည်အသွေးကောင်းသော ပုလဲသွယ် စပ်မျိုးစပါးအား ကြိတ်ခွဲထုတ်လုပ်ထားသည့်ဆန်သည် အရည်အသွေးကောင်းမွန်သည့်အတွက် နိုင်ငံတကာဈေးကွက်တွင် ဈေးကောင်းရရှိနေပြီဖြစ်ကြောင်း၊ တည်တံ့ခိုင်မြဲသော ဈေးကွက်အဖြစ် နေရာရလာပြီဖြစ်သဖြင့် စိတ်တူ၊ ကိုယ်တူ၊ ဆန္ဒတူစွာဖြင့် မိမိတို့ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရန် အစွမ်းကုန်ကြိုးပမ်းအားထုတ် ဆောင်ရွက်ကြရန်လိုကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် ချိုင်းကျေးရွာအနီး ပုလဲသွယ် စပ်မျိုးစပါး မျိုးစေ့ထုတ် စိုက်ခင်း၌ ၂၂ ရက် သက်တမ်းရှိ ဗီယက်နမ် ပုလဲသွယ် စပ်မျိုးစပါး မျိုးစေ့ထုတ် စိုက်ခင်း ဧက ၄၀ ၏ ပင်ပွားစတင်ပွားစီး၍ ဖြစ်ထွန်းအောင်မြင်နေမှုများကို လည်းကောင်း၊ စပ်မျိုးစပါး မျိုးစေ့ထုတ် စိုက်ခင်းအနီးရှိ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံစိုက်ခင်း၌ အောင်မြင်ဖြစ်ထွန်းနေသော နဂါးမောက်စိုက်ခင်းနှင့် ခရမ်း၊ ငရုတ်၊ ဆလတ်စိုက်ခင်းများကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ချိုင်းကျေးရွာ ဘိုနီကြီးကွင်း ခေတ်မီစက်မှုလယ်ယာစနစ် တစ်ဆက်တစ်စပ်တည်း ဟက်တာကွက် ၂၀ ဖော်ထုတ်ပြီး ကောက်စိုက်စက်များဖြင့် စိုက်ပျိုးထားသော ၆၀ ရက်သားရှိ မိုးစပါးစိုက်ခင်း၏ ဖြစ်ထွန်းအောင်မြင်မှုများကို ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဘယ်လာရုစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာမီခေးလ် ဗွီ မီယာစညီကိုဗစ်ချ် ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဘယ်လာရုစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာမီခေးလ် ဗွီ မီယာစညီကိုဗစ်ချ်အား နေပြည်တော်ရှိ နိုင်ငံတော်သမ္မတ အိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

**နေပြည်တော် ဒီဇင်ဘာ ၂**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် နေပြည်တော်၌ ရောက်ရှိနေသော ဘယ်လာရုစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာမီခေးလ် ဗွီ မီယာစညီကိုဗစ်ချ် ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၈ နာရီ မိနစ် ၅၀ တွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံရာ၌ ရှေးဦးစွာ နိုင်ငံတော်သမ္မတက အဆွေတော်တို့ ကိုယ်စားလှယ်အဖွဲ့ လာရောက်ခြင်းအတွက် များစွာဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ ယခုခရီးစဉ်သည် မိမိတို့နှစ်နိုင်ငံ၏ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုတိုးတက်စေနိုင်မည်ဟု ယုံကြည်မျှော်လင့်ပါကြောင်းဖြင့် ကြိုဆိုနှုတ်ခွန်းဆက်သည်။

ယင်းနောက် ဘယ်လာရုစ်ဝန်ကြီးချုပ်က မိမိတို့အနေဖြင့် ယခုကဲ့သို့ ပထမဆုံးအကြိမ်အဖြစ် လာရောက်ခွင့်ရရှိသည့်အတွက် များစွာကျေးဇူးတင်ပါကြောင်း၊ နောက်ထပ် ဆက်လက်၍လည်း နှစ်နိုင်ငံ အကျိုးတူပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ အဆွေတော်သမ္မတကြီး၏ ဦးဆောင်မှုအောက်ဝယ် မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲတိုးတက်မှုများကို မြင်တွေ့ရသည့်အတွက် **စာမျက်နှာ ၅ ကော်လံ ၁ သို့**❖

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်း ဘယ်လာရုစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာမီခေးလ် ဗွီ မီယာစညီကိုဗစ်ချ်နှင့် ဇနီးတို့အား ဂုဏ်ပြုကြိုဆို

နေပြည်တော် ဒီဇင်ဘာ ၂

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီးလည်ပတ်ရန် နေပြည်တော်သို့ ရောက်ရှိနေသည့် ဘယ်လာရုစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာမီခေးလ် ဗွီ မီယာစညီကိုဗစ်ချ်နှင့် ဇနီးတို့အား နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီးတို့က ဂုဏ်ပြုကြိုဆိုသည့် အခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော်ဥပစာရှိ မြက်ခင်းပြင်၌ ကျင်းပသည်။**

ဧည့်သည်တော်ဘယ်လာရုစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်နှင့် ဇနီးတို့သည် ဂုဏ်ပြုကြိုဆိုပွဲ အခမ်းအနားသို့ တက်ရောက်ရန် ဧည့်ဂေဟာတည်းခိုသည့် မြတ်တော်ဝင်ဟိုတယ်မှ နိုင်ငံတော်သမ္မတအိမ်တော်သို့ မော်တော်ယာဉ်ဖြင့် ရောက်ရှိလာရာ နိုင်ငံတော်သမ္မတအိမ်တော်ရှေ့၌ နိုင်ငံတော်သမ္မတဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့က ရင်းနှီးခင်မင်စွာ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာမီခေးလ် ဗွီ မီယာစညီကိုဗစ်ချ်တို့သည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူရန် **စာမျက်နှာ ၇ ကော်လံ ၁ သို့**◆



## ဂုဏ်ပြုတပ်ဖွဲ့စစ်ဆေး

**နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာမီခေးလ် ဗွီ မီယာစညီကိုဗစ်ချ်တို့ ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးကြစဉ်။**
(သတင်းစဉ်)